

mgyoe.com
SAMPLE BOOK
မင်းလူ
mgyoe.com

mgyoe.com SAMPLE BOOK

# မင်းလူ

## ခုနစ်စဉ်ကျမ်း

သူသည် အဆောင်တက်ကို
တစ်ချက် မျှော်ကြည့်သည်၊
ပြီးတော့ သူ့အနေဖြင့်ဆိုလျှင်
ကလေးကလားဆန်သည်ဟု ယူဆရသော
အပြုအမူတစ်ခုကို ပြုလုပ်လိုက်၏။
ရေတမာပင်ရွက်များကို
လှမ်းခုန်၍ ခူးယူလိုက်ခြင်းပင် ဖြစ်လေသည်၊
မခင်မိသည် ကြည့်ရင်းက ပြုံးမိသည်၊
စိတ်ထဲကလည်း ပျော်ရွှင်သွားလေ၏။

K0304

mgyoe.com

mgyoe.com SAMPLE BOOK

ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ - ဦးကျော်ဖင်၊ ကံ့ကော်ဝတ်ရည်စာပေ(၀၀၄၅၄)
၅၁၊ ရေကျော်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ပထမအကြိမ် - ဒီဇင်ဘာ၊ ၁၉၈၆ ခုနှစ်။
ဒုတိယအကြိမ် - အောက်တိုဘာ၊ ၂၀၀၂ ခုနှစ်။
တတိယအကြိမ် - အောက်တိုဘာ၊ ၂၀၁၇ ခုနှစ်။
အုပ်ရေ - ၁၀၀၀
မျက်နှာဖုံးပုံနှိပ် - ဦးလင်းဇာနည် (သီရိဂုဏ်ဝေပုံနှိပ်တိုက်) [၀၁၄၃၇]
အမှတ် (၃၂)၊ ၅၃ လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
အတွင်းပုံနှိပ် - ဦးလင်းဇာနည် (သီရိဂုဏ်ဝေပုံနှိပ်တိုက်) [၀၁၄၃၇]
အမှတ် (၃၂)၊ ၅၃ လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
မျက်နှာဖုံးပန်းချီ - မြင့်မောင်ကျော်
တန်ဖိုး - ၇၅၀၀ ကျပ်

mgyoe.com

mgyoe.com SAMPLE BOOK

# ခုနစ်စဉ်အာလွမ်း

## မင်းလူ

ကံ့ကော်ဝတ်ရည်စာပေ
အမှတ်-၂၂၊ မဟာဗန္ဓုလလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၉ ၂၅၀၀၁၂၃၄၈ । ၀၉ ၂၅၉၂၆၁၈၇၇ । ၀၉ ၄၄ ၇၃၀ ၄၁၁၃၇
email: kantkawwutyee@gmail.com

http://kantkawwutyee.myanmaronlinesales.com
www.facebook.com/KantKawWutYeePublishing
တို့တွင် ဝင်ရောက်ကြည့်ရှု မှာယူနိုင်ပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

'ဤဝတ္ထုကို ၁၉၉၀ တွင်
ပန်းဝေဝေရုပ်ရှင်မှ
ဒါရိုက်တာ မောင်ဝဏ္ဏက ရုပ်ရှင်အဖြစ် ရိုက်ကူးခဲ့ရာ
ဒါရိုက်တာ မောင်ဝဏ္ဏ၊ သရုပ်ဆောင် သုမောင်နှင့် ခင်သန်းနုတို့
အကယ်ဒမီ ထူးချွန်ဆုများ ရရှိခဲ့ကြပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

သမီး၏ အခန်းထဲသို့ ဝင်လိုက်လျှင် အချိန်ကာလသည် အစီအစဉ် မကျတော့ဘဲ ကမောက်ကမ ဖြစ်သွားရစမြဲပင်။ တကယ်ဆိုတော့ အချိန် ဆိုသည်မှာ တစ်လမ်းသွားစနစ်တစ်ခု ဖြစ်သည်။ သို့ရာတွင် ထိုစနစ်သည် ပျက်ပြယ်၍ မိမိ၏ စိတ်အစဉ်တို့သည် အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ဟူသော ဦးတည်ရာ သုံးမျိုးသို့ ကူးချည်သန်းချည် လူးလာဆန်ခတ် ဖြစ်ဖြစ်သွားရလေသည်။

သူသည် သမီးအခန်းကို တစ်ပတ်လျှင် တစ်ကြိမ် ဝင်ရောက်ရှင်းလင်း ပေးလေ့ရှိသည်။ ဒါကို သမီးက သိပ်ကျေကျေနပ်နပ် ရှိလှသည်တော့ မဟုတ်။ သို့ရာတွင် မိခင်တစ်ယောက်အနေဖြင့် သမီး၏ အခန်းထဲသို့ အချိန်မရွေး ဝင်ရောက်ခွင့်ရှိသည်ဟု သူ ထင်သည်။

မိမိမှာ သော့ပိုတစ်ချောင်း ရှိကြောင်း သမီး သိသည်။ သမီး၏ အခန်းထဲသို့ ဝင်ချင်သည့်အချိန် ဝင်လို့ရသည်။ သို့တိုင်အောင် အပြင်သွားလျှင် အခန်းကို သော့ခတ်ထားခဲ့မြဲ ဖြစ်၏။သမီး၏ သီးခြားနေလိုတတ်သော အကျင့် တစ်ခု ဖြစ်သည်။ ထိုအကျင့်ကို မိမိကပင် မွေးမြူပေးခဲ့မိလေသလား မသိ။

သမီး၏ အခန်းဆီသို့ တိုက်ရိုက်သွားလို့ မရ၊ မီးဖိုဆောင်ဘက်မှ ကွေ့ပတ်ပြီး ဝင်ရသည်။ ထို့ကြောင့် သမီး၏ အခန်းသည် အိမ်မှာ တသီးတသန့် ဖြစ်နေသည်။ ဒါကိုပင် သမီးက နှစ်သက်သည် ထင်၏။

အခန်းထဲသို့ ဝင်ခဲ့သည်။ သမီး၏ အခန်းသည် မိန်းကလေး တစ်ယောက်၏ အခန်းနှင့် မတူ။ အတန်ငယ် သပ်သပ်ရပ်ရပ် နေတတ်သော

mgyoe.com

ယောက်ျားလေး တစ်ယောက်၏ အခန်းနှင့်သာ တူသည်။ မိန်းကလေး တစ်ယောက်အနေနှင့်ဆိုလျှင် ပစ်စလက်ခတ်လည်း မဟုတ်၊ သပ်သပ်ရပ်ရပ်လည်း မဟုတ်ဟု ဆိုရမည်။

ခုတင်နားသို့ ရောက်သွားသည်။ သမီး ခင်းသွားသော အိပ်ရာခင်းမှာ သိပ်ပြန့်ပြန့်ပြူးပြူး မရှိလှ။ သူ့အကြိုက် ဆိုလျှင် အိပ်ရာခင်းသည် တင်းပြီး အတွန့်အလိပ် မရှိမှ။ ထို့ကြောင့် အိပ်ရာခင်း တစ်စကို ခပ်တင်းတင်း ဆွဲပြီး မွေ့ရာအောက်သို့ ခပ်များများ ထိုးထည့်လိုက်သည်။

စောင်ကို ခေါက်ထားသော်လည်း နေရာ အထားအသိုက ကြည့် မကောင်း။ ခုတင်အစွန်းဘက် ရောက်နေသည်။ ထို့ကြောင့် ရွှေ့ပေးလိုက်၏။ ခေါင်းအုံးနားမှာ စာအုပ်တစ်အုပ် ဖွင့်လျက်သား မှောက်ထားသည်။ သမီး ဖတ်လက်စ ဖြစ်လိမ့်မည်။ အောင်လင်း၏ ပစ်တိုင်းထောင် ဝတ္ထု။ တိုင်းမဂ္ဂဇင်း တစ်စောင်က ခေါင်းအုံးအောက်မှာ တစ်ဝက်လောက် ထွက်နေသည်။

သမီး၏ စာအုပ်များကိုတော့ သူ နေရာ မပြောင်းမရွှေ့။ တစ်ခါတစ်ရံ ကျမှသာ စာအုပ်စင်ပေါ်မှ စာအုပ်များကို ပြန်စီပေးတတ်သည်။ သမီး၏ စားပွဲပေါ်မှာလည်း ကျောင်းစာအုပ်တွေ အထပ်လိုက် အထပ်လိုက်၊ သမီးက သူ့စားပွဲကို ရှင်းလင်းတာ သဘောမကျမှန်း သိ၍ စားပွဲကို မရှင်းတော့။

ခုတင်ခြေရင်းက တန်းပေါ်မှာ ထဘီဟောင်း နှစ်ထည် လွှားထား သည်။ သမီးသည် အဝတ်အစား ခုံမင်တတ်သူတစ်ယောက် မဟုတ်ချေ။

မိမိတို့ အခြေအနေဆိုလျှင် သမီးသည် ပေါ်သမျှ၊ ဆန်းသမျှ ခါးပေါ် တင်နိုင်သည်။ သမီးသာ ဝတ်ချင်သည်ဆိုလျှင် နောက်ဆုံးပေါ် အဝတ်အထည် မှန်သမျှ တစ်လလောက် မထပ်ဘဲ ဝတ်နိုင်အောင် ဝယ်ပေးနိုင်သည်။ ဝယ်လည်း ဝယ်ပေးခဲ့ဖူးသည်။

သမီးက မဝတ်ချေ။ ချည်သား များများပါသော အင်္ကျီ လေးငါးထည်နှင့် ကချင်၊ ယော၊ ရခိုင်ထဘီ လေးငါးထည်လောက်နှင့်ပင် ပြီးသည်။ မချုပ်ရသေးသော အင်္ကျီစတွေ၊ ထဘီတွေက ဗီရိုထဲမှာ တစ်ပုံ တစ်ပင် ရှိနေ၏။

သမီးသည် အိမ်ကို လာလည်လေ့ရှိသော နွမ်းပါးသည့် ဆွေမျိုးသား ချင်းများကို အဝတ်အစားတွေ ပေးပစ်တတ်သည်။ တစ်ခါတစ်ရံ အိမ်မှာ

mgyoe.com

mgyoe.com

အဝတ်လာလျှော်သော ဆော်လီမားအား ပါတိတ်ထဘီ အသစ်စက်စက်ကို ပေးချင် ပေးတတ်၏။

မှန်တင်ခုံသည် ရှင်းလင်းလွန်းလှသည်။ အလှပြင်ပစ္စည်း ကိရိယာ ဟူ၍ မရှိသလောက်ပင်။ ဘီးနှစ်ချောင်း၊ ဆံပင်ရှင်းသည့် ဘရပ်ရှ်တစ်ခု၊ ကလစ်တို့၊ တွယ်ချိတ်တို့ ထည့်ထားသော ခွက်တစ်ခုနှင့် ကိုယ်လိမ်းပေါင်ဒါ တစ်ဘူးသာ ရှိသည်။ ထို ယာဒလေ ပေါင်ဒါဘူးမှာ မိမိ ဝယ်ပေးထားခြင်း ဖြစ်သည်။ နှစ်နှင့်ချီ၍ ကြာနေပြီ။ အခုထိ မကုန်သေး။ မှန်တင်ခုံဘေးတွင် စားပွဲဝိုင်း ပုပုလေးပေါ် တင်ထားသော ကျောက်ပျဉ်နှင့် • သနပ်ခါးတုံး လေးငါးတုံး ရှိသည်။

တကယ်ဆိုတော့ သမီး၏ အခန်းထဲမှာ ရှင်းလင်းစရာဆို၍ များများ စားစား ရှိလှသည် မဟုတ်ချေ။ အိပ်ရာခင်းလေး ဆွဲဆန့်ရုံ၊ စောင်ကလေး နေရာရွှေ့ရုံ၊ ကြက်မွေးတံမြက်စည်းနှင့်ဟိုနား ဒီနား ခါရုံလောက်သာ ဖြစ်သည်။

သူကတော့ ဒီလို လုပ်ပေးရသည်ကိုပင် ကျေနပ်နေသည်။ မိမိနှင့် သမီးတို့၏ ချစ်ခင်မှုသည် ခိုင်ခိုင်မာမာ ရှိနေကြောင်း ပြဆိုသည့် အချက် တစ်ချက် ဖြစ်သည်ဟု ယူဆနိုင်စရာ ရှိသောကြောင့်ပင်။

သမီး၏ အခန်းထဲသို့ ရောက်သည့်အခါတိုင်း မလုပ်ဘဲ မနေနိုင်တာ တစ်ခုရှိသည်။ စားပွဲအံဆွဲကို ဖွင့်ကြည့်မိခြင်းပင် ဖြစ်သည်။ သမီး သိလျှင် ကြိုက်မှာ မဟုတ်မှန်း သိသော်လည်း မကြည့်ဘဲ မနေနိုင်ချေ။

အံဆွဲထဲမှာ ပစ္စည်းများများ မရှိ။ ဖောင်တိန်ဟောင်း နှစ်ချောင်း၊ အရေးမကြီးသော စာရွက်စာတမ်း အချို့၊ လိပ်စာတွေ၊ ဖုန်းနံပါတ်တွေ ရေးထား သော မှတ်စုစာအုပ်ဟောင်း တစ်အုပ်နှင့် သမီးငယ်ငယ်က ဆွဲခဲ့သော ပုံလေး တစ်ပုံ။

သမီး တက္ကသိုလ် တက်ခါစတုန်းက သမီးမှာ ရည်းစားသန်တွေ ဘာတွေများ ရှိနေမလားဟု စိုးရိမ်ခဲ့သည်။ ထို့ကြောင့် သမီး မရှိခိုက်တွင် သမီး၏ စားပွဲအံဆွဲထဲမှာ စာတွေ၊ ဓာတ်ပုံတွေ ရှိချင် ရှိမည်ဟု ရှာကြည့် ခဲ့မိခြင်း ဖြစ်သည်။

စာတွေ၊ ဓာတ်ပုံတွေတော့ မတွေ့။ သမီး ဆွဲထားသော ပုံကလေး ကိုသာ ရှာတွေ့သည်။ ကတ်ပြားတစ်ခုပေါ်တွင် ခဲတံရောင်စုံဖြင့် ဆွဲထားခြင်း

mgyoe.com

ဖြစ်သည်။ ရက်စွဲ ထိုးထားခြင်းကြောင့် သမီး ဆယ့်သုံးနှစ်အရွယ်က ဆွဲထားခြင်းဖြစ်ကြောင်း သိရသည်။

ပုံက ယောကျ်ား တစ်ယောက်၏ မျက်နှာပုံ ဖြစ်သည်။ ပုံအောက်မှာ 'ဖေဖေ့ပုံ' ဟု ရေးထားသည်။ အံ့ဩဖို့ ကောင်းသည်မှာ သမီးသည် သူ့အဖေကို မှတ်မိလောက်သော အရွယ်မှစ၍ မြင်ဖူးခဲ့ခြင်း မရှိသော်လည်း သမီး ဆွဲထားသောပုံသည် သူ့အဖေနှင့် ခပ်ဆင်ဆင် ဖြစ်နေ ခြင်းပင်။

ကလေးတစ်ယောက်၏ လက်ရာဖြစ်၍ ပီပီပြင်ပြင် မရှိလှသော်လည်း နှုတ်ခမ်းတင်းတင်း စေ့ထားပုံမှာ အသက်ပါလှသည်။ သမီးသည် လူမှန်းသူမှန်း ကောင်းစွာ မသိတတ်သေးသည့် အရွယ်က မြင်ဖူးခဲ့သော သူ့အဖေ၏ ရုပ်သွင်ကို စွဲလမ်း မှတ်မိနေလေသလား။

မည်သို့ပင်ဖြစ်စေ ထိုပုံကို ကြည့်မိသည့်အခါတိုင်း စိတ်မှာ တုန်လှုပ် ချောက်ချားခြင်း ဖြစ်ရသည်။ တစ်သက်လုံး မေ့ဖျောက်ပစ်ထားချင်သူ တစ်ယောက်ကို သတိရစေသည်။ စိတ်အစဉ်သည် နှစ်ပေါင်းများစွာကို ကျော်ဖြတ်သွားပြီးလျှင်...။

mgyoe.com

mgyoe.com SAMPLE BOOK

စကားရည်လုပွဲသည် ချစ်ကြည်ရေးပွဲတို့၏ ထုံးစံအတိုင်း သရေပွဲ ဖြစ်သွားသည်။

သီရိဆောင်နှင့် ယောကျ်ားလေးဆောင် ဖြစ်သော ရွှေဘိုဆောင်တို့ မိတ်ဆက် စကားရည်လုပွဲ ကျင်းပကြသည်။ သူက အဆိုရှင် သီရိဆောင် ကျောင်းသူများဘက်မှ ခေါင်းဆောင် ဖြစ်သည်။

စကားရည်လုပွဲ ခေါင်းစဉ်က–

'အိမ်ထောင်တစ်ခုကို တည်ဆောက်ရာတွင် အချစ်ထက် စီးပွားရေး နိုင်မာမှုက ပို၍ အရေးကြီးသည်'

ဟူ၍ ဖြစ်၏။

တစ်ဖက်က အချေရှင်များမှာ ကျောင်းသားသုံးယောက် ဖြစ်သည်။ သူတို့သည် စကားပြော သိပ်ကောင်းကြသူများ မဟုတ်ကြချေ။ သို့ရာတွင် သူတို့ ပြောသော အချက်အလက်တွေက ရှင်းလင်းပြီး ထိထိမိမိ ရှိသည်။ ပရိသတ်ကလည်း သဘောကျသည်။ ထို့ကြောင့် သူတို့ နောက်ကွယ်မှ တစ်ယောက်ယောက်က ကူညီပြီး အချက်အလက်တွေ စုပေးခြင်းဖြစ်မည်ဟု ထင်ရသည်။ ဆရာတစ်ယောက် ဖြစ်ချင်ဖြစ်မည်။ ပြင်ပက စာဖတ်များသော ပုဂ္ဂိုလ်တစ်ယောက်လည်း ဖြစ်ချင် ဖြစ်မည်။

စကားရည်လုပွဲ နားထောင်သည့် ပရိသတ်များ တဖွဲဖွဲ ပြန်ကုန်ကြသည်။ ပါဝင် ယှဉ်ပြိုင်ကြသော နှစ်ဖက် ကျောင်းသား၊ ကျောင်းသူများ၊

mgyoe.com

 mgyoe.com SAMPLE BOOK 

ဆရာ၊ ဆရာမများနှင့် ပြိုင်ပွဲဖြစ်မြောက်ရေး စီစဉ်ကြသော ကျောင်းသား အချို့တို့သာ ကျန်တော့သည်။

ကျောင်းသားအုပ်စုထဲတွင် လူစိမ်းတစ်ယောက်ကို သတိပြုမိသည်။ ကျောင်းသားဟုတ်ပုံ မရ။ ပေါ်ပလင် ရှပ်အင်္ကျီအဖြူ၊ ပင်နီအင်္ကျီနှင့် အရောင်လွင့်စပြုနေသော ယောလုံချည်တို့ကို ဝတ်ထားသည်။ ဆံပင်ကို မသပ်မရပ် ဖြီးထားသည်။ အသက် အစိတ်ဝန်းကျင်လောက် ရှိမည်။

အရပ်မြင့်မြင့် ပိန်ပိန်သွယ်သွယ် ဖြစ်သည်။ နဂိုကတော့ ဒီလောက် ပိန်လိမ့်မည် မထင်။ အအိပ်၊ အနေ၊ အစား မမှန်သောကြောင့် ပိန်နေခြင်း ဖြစ်လိမ့်မည်။ သူ့ရုပ်ရည်ကတော့ နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေး ခပ်စိမ်းစိမ်းရေးရေး ထင်နေသည့်တိုင် ကြည့်ပျော်သောရုပ်ရည် ရှိသည်။ အသားက ခပ်လတ်လတ်။

စကားရည်လုပွဲတွင် ပါဝင်ကြသူများကို မိမိတို့အဆောင်က ထမင်းစားပွဲဖြင့် ဧည့်ခံသည်။ ဆရာ၊ ဆရာမများက တစ်ဝိုင်းဖြစ်ပြီး ကျောင်းသားကျောင်းသူတွေက တစ်ဝိုင်း ထိုင်ကြသည်။ မိမိတို့ဝိုင်းမှာ ပင်နီအင်္ကျီနှင့်လူလည်း ပါသည်။

ထမင်းမစားခင် လိမ္မော်ရည် သောက်ကြပြီး ရွှေဘိုအဆောင်အဖွဲ့မှ ကိုခင်မောင်မြင့်က မိတ်ဆက်ပေးသည်။

"ကဲ… နည်းနည်းလောက် မိတ်ဆက်ပေးပါရစေ၊ ကျွန်တော်တို့ သုံးယောက်ကိုတော့ သိပြီးသားပဲ၊ အဲ… သူ့ကိုတော့ သိမှာမဟုတ်သေးဘူး၊ ကိုမြတ်ထွန်းတဲ့၊ အရှေ့မိုးကောင်းကင် ဂျာနယ်က လက်ထောက် အယ်ဒီတာပဲ၊ ကိုမြတ်ထွန်းရေ…၊ သူတို့ကတော့ ကျွန်တော်တို့နဲ့ မောင်နှမတွေလို ခင်မင်နေကြတာပဲ၊ သူက မခင်မိ၊ သူက ကြူကြူစိန်၊ သူက ခင်နွယ်ညွန့်တဲ့"

"အခုလို မိတ်ဆွေဖြစ်ရတာ ဝမ်းသာပါတယ်"

ဟု သူတို့ထဲမှ အသွက်ဆုံးဖြစ်သော ကြူကြူစိန်က ပြောသည်။ ကိုမြတ်ထွန်း ဆိုသူက ဘာမျှ ပြန်မပြောဘဲ ပြုံးရုံသာ ပြုံးပြသည်။ သူပြုံးပုံက တစ်မျိုးပဲဟု မခင်မိ ထင်မိ၏။

"ဒီနေ့ မခင်မိတို့ ပြောသွားတာ တော်တော် ကောင်းပါတယ်၊ ဖက်စ်တွေကို ဘယ်လို ရှာသလဲ"

ဟု ကိုမောင်မောင်ကြီးက မေးသည်။

mgyoe.com

mgyoe.com

"ဖတ်ထားတဲ့ စာအုပ်တွေထဲက ရတာတွေလည်း ရှိတယ်၊ နောက်ပြီး ဆရာမ ဒေါ်ခင်မျိုးချစ်ဆီလည်း သွားပြီး အကူအညီ တောင်းခဲ့သေးတယ်"

ကိုမောင်မောင်ကြီးက ကိုစိန်မြင့်ကို တံတောင်ဖြင့် တွက်လိုက်ပြီး-

"ဟာ… စောစောက သိရင်ဗျာ ဆရာလတ်ကတစ်ဆင့် ဆရာမဆီ သွားပြီး အစ်အောက် မေးလိုက်လျှင် သူတို့ ပြောမယ့်ဟာတွေ ကိုယ်တို့ ကြိုသိရတာပေါ့"

"ဘယ်ရမလဲဗျာ၊ ဆရာမက သိပ်ပါးတာ၊ ကျွန်တော်တို့ကို ဘယ်ပြောမလဲ"

ကိုစိန်မြင့်က ကြောင်နက် စီးကရက်ဘူးထဲက တစ်လိပ်ထုတ်၍ လက်ပတ်နာရီ မှန်ပေါ်မှာ ဆောင့်ရင်း ပြန်ပြောသည်။

"ဆရာမက မပြောတာတောင် ဆရာလတ်ကြီးကို ချွဲပြီးမေးရင် ရတာပေါ့ဗျ၊ ခုတော့ သူတို့ဘက်က ပြောသွားတာတွေ တစ်ချက်တစ်ချက်များ ဟိုက်ခနဲ ဖြစ်သွားတာပဲ၊ ဘယ်လို ပြန်ချေရမလဲဆိုတာ တော်တော် စဉ်းစား ယူရတယ်"

"ကိုခင်မောင်မြင့်တို့ ပြောတာလည်း တော်တော်ကောင်းပါတယ်"

ခင်နွယ်ညွန့်က ပြောရာ ကိုခင်မောင်မြင့်က

"ဒီမှာလေဗျာ ကျွန်တော်တို့ရဲ့ အက်မိုက်ဆာ"

ကိုမြတ်ထွန်းကို လက်မဖြင့် ညွှန်ပြသည်။ ထိုအခါကျမှ ကိုမြတ်ထွန်းက-

"တကယ်တော့ ကျွန်တော်က ဂျာနယ်အတွက် သတင်းယူဖို့ လာတာပါ၊ ကျွန်တော့် ဂျာနယ်ထဲမှာ ဒီ စကားရည်လုပွဲ အကြောင်း သတင်း ဆောင်းပါး ရေးမလို့ပါ၊ ကိုခင်မောင်မြင့်တို့က အချက်အလက်လေးတွေ လိုချင်တယ်ဆိုလို့ နည်းနည်းပါးပါး ရှာပေးလိုက်တာပါ"

"ကိုမြတ်ထွန်းတို့ ဂျာနယ်မှာ ဒီအကြောင်း ပါမှာပေါ့"

"ဟုတ်တယ်၊ ဒါကြောင့် ဓာတ်ပုံတွေ ဘာတွေတောင် ရိုက်တာပေါ့"

"ဟင်… ဒါဆို ကိုမြတ်ထွန်းတို့ ဂျာနယ်က ယောကျ်ားလေး ဘက်ကို အသားပေးပြီး ရေးမှာပေါ့၊ ကိုမြတ်ထွန်းက သူတို့ကို ကူညီထားတာ မဟုတ်လား"

ကြူကြူစိန်က ပြောလိုက်သည်။

mgyoe.com

"ဟာ… မဟုတ်ပါဘူး၊ ကျွန်တော် မှုမှုတတဖြစ်အောင် ရေးမှာပါ။ သူတို့ဘက်သာအောင် ရေးလိုက်လို့ ဘယ်ဖြစ်မလဲ၊ တော်ကြာ ကျောင်းသူတွေက ကျွန်တော်တို့ ဂျာနယ်ကို သပိတ်မှောက်ပြီး မဖတ်ဘဲ နေပါဦးမယ်"

ရယ်ကြသည်။ ထို့နောက် ပျော်ပျော်ပါးပါး ထမင်းစားကြသည်။ ကိုမြတ်ထွန်းက ပြန်ခါနီးတွင် နှုတ်ဆက်ရင်း–

"မခင်မိက စကားပြော ကောင်းသားပဲ"

ဟု ပြောသွားသည်။ ဤသည်မှာ ဇာတ်လမ်း၏ အစ ဖြစ်သည်။

mgyoe.com

m g y o e . c o m SAMPLE BOOK

ကိုခင်မောင်မြင့်သည် အဆောင်ကို လာလည်တတ်သည်။ ခင်နွယ်ညွန့်ဆီ လာခြင်း ဖြစ်၏။ ကိုခင်မောင်မြင့်က ခင်နွယ်ညွန့်ကို စိတ်ဝင်စားနေသည်။ ခင်နွယ်ညွန့်ကလည်း ကိုခင်မောင်မြင့်ကို အရေးပေးသည်။ ကိုခင်မောင်မြင့်က ရုပ်ချောသည်။ အသားဖြူဖြူ အလေးမသူ ဖြစ်သဖြင့် ကိုယ်လုံးကိုထည် တောင့်တင်းသန်မာသည်။ စပို့ရှပ်လက်တို ဝတ်လာသည့် အခါတွင် လက်မောင်းကြွက်သား အဖု အဖုနှင့် အလွန် ကြည့်ကောင်းလှသည်ဟု ခင်နွယ်ညွန့်က ပြောဖူးသဖြင့် နေ့စဉ်နေ့တိုင်း စပို့ရှပ်ချည်း ဝတ်လာလေ့ ရှိသည်။

တစ်ခါတစ်ရံ သူနှင့်အတူ ကိုမောင်မောင်ကြီးတို့၊ ကိုစိန်မြင့်တို့ ပါလာတတ်သည်။ သူတို့ကတော့ အဆောင်က မိန်းကလေးတွေနှင့် ပတ်သက်မှု မရှိချေ။ အပျော်သက်သက် လိုက်လာခြင်းသာ ဖြစ်သည်။

ကိုမောင်မောင်ကြီးသည် သူတို့ရွာက သူကြီးသမီးနှင့် စေ့စပ်ထားပြီး ဖြစ်သည်။ ကိုစိန်မြင့်ကတော့ မန္တလေးမှာ ကျန်ခဲ့သည့် ရည်းစားကိုသာ တမ်းတပြီး လွမ်းနေသူ။

မည်သို့ပင်ဖြစ်စေ သူတို့သုံးယောက်သည် မိန်းကလေး သူငယ်ချင်းများကို စောင့်ရှောက်တတ်၊ အကူအညီ ပေးတတ်သဖြင့် ခင်မင်နှင့် ၃ယ် ကောင်းလေသည်။

mgyoe.com

တစ်ရက်တွင် သူတို့နှင့်အတူ ကိုမြတ်ထွန်း အဆောင်ကို ရောက်လာသည်။ စကားရည်လုပွဲအကြောင်း ပါသော ဂျာနယ်များ လက်ဆောင် လာပေးခြင်း ဖြစ်၏။ နောက်ပိုင်းတွင်လည်း နှစ်ပတ်တစ်ခါ ဂျာနယ်ထွက်သည့် အခါတိုင်း လာပို့လေ့ရှိသည်။ တစ်ခါတစ်ရံ ကိုခင်မောင်မြင့်တို့ မပါဘဲ သူတစ်ယောက်တည်း လာတတ်သည်။ ထိုအခါတွင် မခင်မိက ဧည့်ခံ စကားပြောရသည်။

သူပြောသော စကားများမှာ များသောအားဖြင့် သူ့ဂျာနယ်လုပ်ငန်း အကြောင်းသာ ဖြစ်သည်။

"ဂျာနယ်ဆိုတာက သတင်းစာနဲ့လည်း မတူဘူး၊ မဂ္ဂဇင်းနဲ့လည်း မတူဘူး၊ အဲ... နှစ်ခုစလုံးနဲ့ တူတယ်လို့လည်း ပြောလို့ရတယ်"

"တူလည်း တူတယ်၊ မတူလည်း မတူဘူး ဟုတ်လား"

"ဒီလိုလေ မခင်မိရဲ့၊ သတင်းစာက အချက်အလက်ကို အဓိက ထားတယ်၊ လတ်တလော ဖြစ်နေတဲ့ အဖြစ်ပျက်တွေကို အမြန်ဆုံး ဖော်ပြ ရတယ်၊ တကယ် ဖြစ်ပျက်တဲ့အတိုင်း မှန်ကန်တိကျအောင် ဖော်ပြရတယ်၊ မဂ္ဂဇင်းကျတော့ ဝတ္ထုတို့၊ ဆောင်းပါးတို့ကို အဓိက ထားတယ်၊ ရသပိုင်းကို ဦးစားပေးတယ် ဆိုပါစို့"

ကိုမြတ်ထွန်းက သူ့စကားကို မခင်မိ စိတ်ဝင်စားမှု ရှိ၊ မရှိ အကဲခတ်လိုက်ပြီးမှ ဆက်ပြောသည်။

"ကျွန်တော်တို့ ဂျာနယ် ဆိုတာကတော့ သတင်းအချက်အလက်ကို အသုံးပြုတာတော့ မှန်တယ်၊ ဒါပေမဲ့ သတင်းကို အရင်းအတိုင်းချည်းပဲ မရေးဘဲ ထင်မြင်ချက်ကလေးတွေ၊ ဝေဖန်ချက်ကလေးတွေနဲ့ ဖော်ပြတာပေါ့၊ ဂျာနယ်က နှစ်ပတ်မှတစ်ခါ ထုတ်ရတာဆိုတော့ သတင်းစာလို သတင်းတွေကို ချက်ချင်း မဖော်ပြနိုင်ဘူးလေ၊ ဒီတော့ သတင်းစာတွေမှာ ပါပြီးသား သတင်းကိုပဲ ပိုပြီး ထူးခြားအောင်၊ ပိုပြီး အသေးစိတ် ပြည့်စုံအောင် အမြင်တစ်မျိုး၊ ရှုထောင့်တစ်မျိုးက ရေးရတာမျိုးလည်းရှိတယ်။ နောက်တစ်ခု သတင်းစာနဲ့ မတူတာက ဂျာနယ်မှာ လွန်ခဲ့တဲ့ ဆယ်နှစ်လောက်က ဖြစ်ပျက်ခဲ့တဲ့ ကိစ္စပဲ ဖြစ်ဖြစ် ပြန်ပြီးဖော်ပြချင် ဖော်ပြလို့ ရတယ်။ နောက်တစ်ခုကတော့ ဂျာနယ်ဟာ ဆောင်းပါးတို့၊ ဝတ္ထုတို့ စတဲ့ သုတပိုင်း၊ ရသပိုင်းကိုလည်း လက်လွှတ်လို့ မရဘူး။ အရှင်းဆုံး ပြောရမယ်ဆိုရင် ဂျာနယ်ဆိုတာ သတင်းကို

mgyoe.com

ရသမြောက်အောင် တင်ပြရတာမျိုးပါပဲ၊ သြော်… ကျွန်တော်က ကျွန်တော့် အလုပ်အကြောင်းတွေ လျှောက်ပြောနေလို့ မခင်မိများ ပျင်းနေပြီလား မသိဘူး”

“ကျွန်မ မပျင်းပါဘူး၊ စိတ်ဝင်စားဖို့ ကောင်းပါတယ်”

“ကဲ… ကျွန်တော်လည်း သွားလိုက်ဦးမယ်၊ အလုပ်ကလေးတွေ ရှိလို့၊ နောက်တစ်ခါ ဂျာနယ်ထွက်မှပဲ စာအုပ်ပေးရင်းနဲ့ လာခဲ့ဦးမယ်”

ကိုမြတ်ထွန်းက သူ့အလုပ်ကို တော်တော် စိတ်ဝင်စားပုံ ရသည်။ ကျွမ်းကျွမ်းကျင်ကျင် ရှိပုံလည်း ရ၏။ ကြိုးလည်း ကြိုးစားသည်။

ကိုမြတ်ထွန်းသည် သာမန်အားဖြင့် စကားနည်းသူဟု ဆိုနိုင်သည်။ သို့ရာတွင် သူ စိတ်ဝင်စားသော အကြောင်းအရာ ဆိုလျှင်တော့ ရှည်လျားစွာ ရှင်းလင်း ပြောဆိုနိုင်သူ ဖြစ်သည်။ သူသည် အရည်အချင်းရှိသူ တစ်ယောက် ဖြစ်ကြောင်း မခင်မိ အသိအမှတ် ပြုလိုက်သည်။

mgyoe.com

mgyoe.com SAMPLE BOOK

*"ချစ်ရေး ခင်ရေး လိုက်လေ ဝေးတယ် xxx စိန်ခေါ်ပါလို့ ပြေးလေသလားကွယ် xxx လှမ်းလင့်သူအား မြူသလို လိုနှယ် xxx ယိမ်းနွဲ့လှည့်စား ရှောင်ဖယ် xxx မာယာတွေ ပိုလွန်းသူရယ် xxx စိန်ပြီကွဲ့ ထားသက်လှယ်"*

ညဘက်ဆိုလျှင် အဆောင်ရှေ့မှာ ကျောင်းသားတွေ သီချင်းလာဆိုတတ်သည်။ များသောအားဖြင့်တော့ နှစ်ယောက်တွဲ၊ သုံးယောက်တွဲ၊ တစ်ကိုယ်တော် သမားတွေလည်း ရှိသည်။ တချို့က မယ်ဒလင်နှင့်၊ တချို့က တယော၊ တချို့က မြန်မာဂီတာ။

သူတို့ ပင်တိုင်ဆိုသော သီချင်းတွေကိုကြည့်။ ဘယ်အုပ်စုကဆိုတာ သိနိုင်သည်။ ကိုသန်းလှိုင် သီချင်းတွေချည်း ဆိုသော အုပ်စုက ဒဂုံဆောင်မှ ကိုစိန်သန်းတို့ အဖွဲ့။ ကိုမြကြီး သီချင်းတွေ ဆိုလျှင် ပဲခူးဆောင်မှ ကိုကျော်စွာတို့ အဖွဲ့။ ကိုစောညိန်း သီချင်းတွေ အမြဲဆိုလေ့ရှိတာက ကိုခင်မောင်မြင့်တို့ အုပ်စု ဖြစ်သည်။

ကိုခင်မောင်မြင့်၏ အသံကို ကြားရသည်နှင့် ခင်နွယ်ညွှန့်က–

"မိရေ ... အိုက်ကုံလိုက်တာကွယ်၊ ဝရန်တာထွက်ပြီး လေညင်းခံရအောင်" ဟု ပြောသည်။

မခင်မိက–

"စောစောတုန်းကတော့ မအိုက်ဘဲ ခုကျမှ ချက်ချင်း အိုက်လာတာ အံ့သြစရာပဲနော်" ဟု စသည်။

mgyoe.com

mgyoe.com

"မိကလည်း သိရက်သားနဲ့"

သူတို့နှစ်ယောက် ဝရန်တာမှာ ထွက်ရပ်သည်။ အဆောင်ရှေ့ လမ်းပေါ်မှ ရေတမာပင်အောက်က ကိုခင်မောင်မြင့်တို့ အုပ်စုသည် သူတို့ကို လှမ်းမြင်သွားသည်။ ကိုခင်မောင်မြင့် အားတက်လာပြီး အသံကို မြှင့်၍ ဆိုသည်။

"အသံက မဆိုးပါဘူးနော်"

မခင်မိက မြှောက်ပေးလိုက်သည်။ ခင်နွယ်ညွန့်က ကျေနပ်စွာ ခေါင်းညိတ်ရင်း နားထောင်နေသည်။

မခင်မိသည် ထူးခြားမှုတစ်ခု သတိပြုမိလိုက်မိ၏။ ခါတိုင်း ကိုခင်မောင်မြင့် တို့ သီချင်းလာဆိုလျှင် မယ်ဒလင်ဖြင့်သာ ဆိုလေ့ရှိသည်။ ဒီနေ့ကျတော့ တယောနှင့် ဖြစ်သည်။ တယောလက်သံကလည်း အတော်ကျွမ်းကျွမ်းကျင်ကျင် ထိုးတတ်သူတစ်ယောက်၏ လက်သံလို ညက်ညောလှသည်။

ကိုခင်မောင်မြင့် သီချင်းဆိုပြီးသောအခါ တခြားအဖွဲ့ တစ်ဖွဲ့က ကဲ့ကော်မြိုင်တန်း သီချင်းကို ဆိုသည်။ ခင်နွယ်ညွန့်သည် အဆင်သင့် ဖျော်ထားသော လက်ဖက်ရည်ခါးခါး ထည့်ထားသည့် ဓာတ်ဘူးကို အဆောင် စောင့်ကြီး ဂိုရမ်းမှတစ်ဆင့် ပေးခိုင်းလိုက်သည်။ ကိုခင်မောင်မြင့် က လက်ဖက်ရည် ကြိုက်တတ်သည် မဟုတ်လား။

လက်ဖက်ရည်ဓာတ်ဘူး ပို့ခိုင်းပြီး ခဏ အကြာတွင်-

"ခုလို တိုက်ကျွေး ပြုစုတဲ့အတွက် သီရိဆောင်မှ ပျိုမေများ ကျန်းမာ ချမ်းသာကြပါစေ ခင်ဗျား"

ဟု အော်လိုက်သော ကိုမောင်မောင်ကြီး၏ အသံပြဲပြဲကို ကြားရ သည်။ ထို့နောက် ဆက်လက်၍-

"အဲဒါကြောင့် ကျေးဇူးတုံ့ပြန်သောအားဖြင့် ကျွန်တော်တို့ အဖွဲ့ရဲ့ အထူးဧည့်သည်တော် ကိုမြတ်…"

စကားမဆုံးခင် တစ်ယောက်က ပါးစပ် လှမ်းပိတ်ဟန် တူသည်။ စကားတွေ ဗလုံးဗထွေး ဖြစ်သွားသည်။ နောက် သူတို့ချင်း ဘာတွေ ပြောနေ ကြသည် မသိ။ ရေတမာပင်အောက်မှာ လှုပ်လှုပ်ရှားရှား ဖြစ်နေသည်ကို ဝိုးတဝါး မြင်ရ၏။

mgyoe.com

"အဲ... အဲ၊ အဲဒီ ညှော်သည်တော် အမည်မဖော်လိုသော ညှော်သည်တော်ပေါ့လေ၊ သူ့ကိုယ်စား ကျွန်တော်ကပဲ ချစ်ပြုံးနှင်းဆီ သီချင်းနဲ့ ဖျော်ဖြေပါ့မယ်၊ သူကတော့ တယောပဲ ထိုးပါရစေတဲ့ခင်ဗျာ၊ ဒါကြောင့် တယောလေးနဲ့ အတောလေး စလိုက်ပါတော့ ကိုမြတ်၊ အဲ... အဲ ညှော်သည်တော်ကြီးရေ"

မခင်မိ ပြုံးမိ၏။ တယောသမားမှာ ကိုမြတ်ထွန်း ဖြစ်ကြောင်း သိလိုက်ရသည်။ သူ ဘာကြောင့်များ အဆောင်ရှေ့မှာ ကျောင်းသားတွေနဲ့ အတူလာနေတာပါလိမ့်။

တယောသံ ချွဲချွဲနွဲ့နွဲ့ ပေါ်ထွက်လာသည်။ မခင်မိသည် လွမ်းသလိုလို ဖြစ်လာလေ၏။

mgyoe.com

mgyoe.com SAMPLE BOOK

မခင်မိနှင့် ကိုမြတ်ထွန်းတို့ ပိုမို ရင်းနှီးလာသည်။ ကိုမြတ်ထွန်းက ဂျာနယ် ထွက်သည့်ရက်တိုင်း ရောက်လာတတ်သည်။ မခင်မိကလည်း ထိုရက်မျိုး ဆိုလျှင် ကိုမြတ်ထွန်းကို မျှော်နေခြင်း မဟုတ်သည့်တိုင် အဆောင်က ဘယ်မှ မထွက်ဘဲ စောင့်နေမိသည်တော့ အမှန်ပင်။

အဆောင်မှ သူငယ်ချင်းတွေက ကိုမြတ်ထွန်းနှင့် မခင်မိကို စကြ၊ နောက်ကြသည်။ ထိုအတွက် မခင်မိသည် ရှက်မိသော်လည်း ကိုမြတ်ထွန်းကို အဆောင်လာမလည်ဖို့တော့ မတားမြစ်ခဲ့ချေ။

သူသည် ကိုမြတ်ထွန်းကို လေးစားခင်မင်မိနေပြီ။ ကိုမြတ်ထွန်းက သူ့အပေါ် စိတ်ဝင်စားနေကြောင်းကို ရိပ်မိသည်။ သူကလည်း ကိုမြတ်ထွန်းကို သံယောဇဉ် တွယ်တာမိ၏။

ခင်နှယ်ညွန့်မှတစ်ဆင့် ကိုခင်မောင်မြင့်တို့ဆီမှာ ကိုမြတ်ထွန်း အကြောင်း တစ်စွန်းတစ်စ စုံစမ်းသည်။

ကိုမြတ်ထွန်းသည် ရန်ကုန်တက္ကသိုလ်မှာ ဥပစာ (က) တန်း တက်ခဲ့ ဖူးသည်။ သူ့ကို ကျောင်းစရိတ် ထောက်ပံ့နေသည့်ဦးလေး ဆုံးပါးသွားသဖြင့် ကျောင်းမှ ထွက်ပြီး စာနယ်ဇင်းလောကသို့ ခြေစုံပစ်ဝင်သွားသည်။ သူ၏ အပြင်းအထန် ကြိုးစားမှုကြောင့် လက်ထောက်အယ်ဒီတာ ဖြစ်လာခဲ့ခြင်းပင်။

mgyoe.com

mgyoe.com

သူက ကြိုးစားသည်။ ရိုးဖြောင့်သည်။ သတ္တိလည်း ရှိသည်ဟု စာနယ်ဇင်းလောကတွင် နာမည်ရသည်။ ကိုခင်မောင်မြင့်တို့ကတော့ သူ့အကြောင်း အကောင်းချည်း ပြောကြသည်။ အမှတ်ပြည့် ပေးထားသည်။ တစ်ခါတစ်ရံတွင် အင်းလျားကန်စောင်းမှာ လမ်းလျှောက်ဖြစ်ကြသည်။ ကိုခင်မောင်မြင့် နှင့် ခင်နွယ်ညွန့်တို့ ပါသော်လည်း သူတို့က တဖြည်းဖြည်း နောက်ချန်နေခဲ့သဖြင့် မခင်မိနှင့် ကိုမြတ်ထွန်းတို့က တစ်တွဲလိုလို ဖြစ်သွားကြသည်။

ထိုအခါမျိုးတွင် ကိုမြတ်ထွန်းက စီးကရက် တဖွာဖွာနှင့် စကားတွေ ပြောတတ်သည်။ ကိုမြတ်ထွန်း စီးကရက် အသောက်များကြောင်း မခင်မိက သတိပြုမိသည်။

"ကိုမြတ်ထွန်းက စီးကရက် တော်တော်ကြိုက်တယ်နော်"

ဟု ပြောလိုက်သည်။

"ဟုတ်တယ် မခင်မိ၊ စီးကရက်တင် မကဘူး၊ လက်ဖက်ရည်လည်း ကြိုက်တယ်"

"တစ်နေ့ ဘယ်နှခွက်လောက် သောက်ဖြစ်လဲ"

"အမှန်မရှိပါဘူး မခင်မိရဲ့၊ တော်တော် များတယ်လို့ပဲ ပြောရမယ်၊ ဂျာနယ်တိုက်မှာက ဧည့်သည်များတယ် မဟုတ်လား၊ ဧည့်သည်တွေကို လက်ဖက်ရည် လိုက်တိုက်ရင်း ကျွန်တော်လည်း ဝင်ဝင်သောက်ဖြစ်သွားတာပဲ"

"စီးကရက်ကရော"

"တစ်နေ့ကို ဆယ် လိပ်ဝင်နှစ်ဘူးလောက် ကုန်တယ်"

"များတာပေါ့၊ ဆေးလိပ်သောက်တာ အဆုတ်ရောဂါ ရတတ်တယ်လို့ ကြားဖူးတယ်"

"ကျွန်တော့်လို တစ်ကိုယ်တည်းသမား တစ်ကောင်ကြွက် တစ်ယောက်အဖို့တော့ ဆေးလိပ်ကိုပဲ အဖော်ပြုနေရတာပါပဲဗျာ"

ဟု ပြောပြီး မခင်မိကို တစ်ချက် စိုက်ကြည့်သည်။ မခင်မိက မျက်လုံးလေးကို လွှဲဖယ်လိုက်သည်။

"သြော်... ဒါနဲ့ ဒီတစ်ပတ် ဂျာနယ်ထဲက ကျွန်တော့် ဆောင်းပါး ဖတ်ပြီးပြီလား"

mgyoe.com

ကိုမြတ်ထွန်းက စကားလမ်းကြောင်း လွှဲလိုက်သည်။

"ဖတ်ပြီးပါပြီ"

"မခင်မိ ဘယ်လို သဘောရသလဲဟင်"

"သူတောင်းစားလောက အကြောင်းကို စေ့စေ့စပ်စပ် အပင်ပန်းခံ လေ့လာပြီး ရေထားတာလို့ ထင်တာပဲ"

"ကျွန်တော် ဆိုလိုတာက ဒီလိုလေ၊ မခင်မိကို သူတောင်းစား တစ်ယောက်က ပိုက်ဆံလာ တောင်းရင် မခင်မိ ပေးလား"

"ပေးတာပေါ့"

"ဘာဖြစ်လို့ ပေးတာလဲ"

"သနားလို့"

"တကယ် သနားတာရော ဟုတ်ရဲ့လား"

မခင်မိက ခဏ စဉ်းစားပြီး–

"ထင်တာပဲလေ၊ တစ်ခါမှတော့ သေသေချာချာ မတွေးမိဘူး"

"များသောအားဖြင့်တော့ သူတောင်းစားတစ်ယောက်က ပိုက်ဆံ လာတောင်းရင် ပြီး ပြီးရောဆိုပြီး ပေးလိုက်ကြတာပါပဲ၊ ပိုက်ဆံငါးပြား လောက်ကတော့ သိပ်မှ အကြောင်း မဟုတ်ဘဲ၊ ဒါပေမဲ့ သေသေချာချာ စဉ်းစားကြည့်ရင် သူတို့ကို သူတောင်းစားသက်ရှည်အောင် အားပေး ကူညီနေတာ နဲ့ မတူဘူးလား"

"မရှိလို့ တောင်းစားတာပဲဟာ"

"မရှိလို့ တောင်းစားတာ. သိပ်မှန်တဲ့စကားပေါ့၊ ရှိရင် ဘယ် တောင်းစားမလဲ၊ အဲ··· တစ်ခု ရှိတာက ကျွန်တော် ဆောင်းပါးထဲမှာ ရေးထားသလို သူတောင်းစား နှစ်မျိုး ရှိတယ်ဗျ၊ တစ်မျိုးက တကယ် အတိ ဒုက္ခရောက်နေလို့၊ မျက်မမြင်လို့၊ ခြေလက်မသန်စွမ်း ဖြစ်နေတာမျိုးပေါ့၊ ဒါမျိုးတွေကတော့ တတ်နိုင်သလောက် ပေးကမ်း စွန့်ကြဲရမှာပဲလေ၊ ကျွန်တော်တို့ဆီမှာ ဒုက္ခိတတွေကို ပြုစုကျွေးမွေးတဲ့ နေရာဌာနမျိုးမှ မရှိ သေးဘဲ"

ကိုမြတ်ထွန်းက ကပ္ပိတန် စီးကရက်ဘူးကို တိုက်ပုံအင်္ကျီအိတ်ထဲမှ ထုတ်သည်။ ပြီးမှ အိတ်ထဲ ပြန်ထည့်ထားလိုက်သည်။

mgyoe.com

mgyoe.com SAMPLE BOOK

"ကျွန်တော် စီးကရက် သောက်ဖို့ ဆုံးဖြတ်လိုက်ပြီ" ဟု စကားမစပ် ပြောသည်။ ခုန မခင်မိက 'စီးကရက် သိပ်သောက်တာ မကောင်းဘူး' ဟု ပြောသောစကားကို အလေးဂရုပြုသည့် သဘော။

"အဲ..ခုနစကားကို ဆက်ရဦးမယ်၊ သူတောင်းစား နောက်တစ်မျိုးကတော့ ကိုယ်လက်အင်္ဂါ ချွတ်ယွင်းမှုလည်း မရှိ၊ ရောဂါလည်း မရှိဘူး၊ သန်သန်မာမာ ရှိရက်သားနဲ့ အချောင်ရမှန်းသိလို့ တောင်းတာ၊ အလုပ်မလုပ်ချင်လို့၊ ပျင်းလို့တောင်းတာ၊ ဒီလိုလူမျိုးကိုတော့ အားမပေးသင့်ဘူး၊ ဒါမှ သူတို့ အချောင်မရမှန်းသိပြီး ကိုယ့်လုပ်အားနဲ့ကိုယ် ရှာဖွေစားသောက်ချင်တဲ့စိတ်တွေ ပေါ်လာမှာ"

"သူတို့က အလုပ်လုပ်ချင်နေပြီတဲ့၊ ဘယ်သူက အလုပ်ပေးမှာလဲ"

မခင်မိက မေးလိုက်သည်။ ကိုမြတ်ထွန်း ပါးစပ်ဟပြီး အံ့သြသလိုဖြစ်သွားသည်။

"ဟာ... ကောင်းလိုက်တဲ့ မေးခွန်းဗျာ၊ ကြည့်စမ်း အဲဒီအကြောင်းကို နောက်ဆက်တွဲအနေနဲ့ ထပ်ရေးရမယ်၊ ဟုတ်တယ်ဗျ၊ ဆရာမ ခင်းနှင်းယုရေးတဲ့ 'မျှော်လင့်လို့ဖြင့် မဆုံးနိုင်တယ်' ဆိုတဲ့ဝတ္ထု ဖတ်ဖူးလား၊ အဲဒီထဲမှာ ပါတယ်၊ လွတ်လပ်ရေး ကြေညာစာတမ်းထဲမှာ ဘုရားကျွန်တွေကို လွတ်လပ်ခွင့်ပေးတဲ့အကြောင်း၊ သူတို့ဟာလည်း တခြားလူတွေနဲ့ အခွင့်အရေး အညီအမျှရှိတဲ့ အကြောင်း ထည့်ပြီး ကြေညာထားတယ်၊ ဒါပေမဲ့ အဲဒီ ကြေညာစာတမ်းကို ဘုရားကျွန်တွေ ကိုယ်တိုင်တောင် မသိကြဘူး၊ သိတဲ့လူတွေကလည်း လျစ်လျူရှုနေတယ်၊ ဘုရားကျွန်တွေကို တန်းတူဆက်ဆံဖို့ ဝန်လေးနေကြတဲ့အကြောင်း ရေးထားတာ၊ တကယ်တော့ သူတောင်းစားတွေ ပပျောက်စေချင်တာ ပါးစပ်က ပြောရုံနဲ့ မပြီးဘူး၊ သူတို့ ကောင်းရောင်း၊ ကောင်းဝယ် အသက်မွေးဝမ်းကျောင်း ပြုနိုင်ဖို့ အလုပ်အကိုင်တွေ ဖန်တီးရမယ်၊ သူတို့ကို တခြားလူတွေနဲ့ တန်းတူ အခွင့်အရေး ပေးရမယ်"

ကိုမြတ်ထွန်းသည် တရားပွဲတစ်ခုမှာ ဟောပြောနေသည့် ဟန်မျိုးဖြင့် ပြောနေသည်။ ထို့နောက်-

"မခင်မိ၊ ကျွန်တော် ပြောတာတွေကို ဆောင်းပါး ရေးပါလား"

"ရှင်"

mgyoe.com

mgyoe.com SAMPLE BOOK

"ဒီလိုလေ၊ ကျွန်တော့်ဆောင်းပါးကို ပြန်ရေးတဲ့သဘောမျိုး ရေးပါလားလို့ ပြောတာပါ၊ မခင်မိလို တက္ကသိုလ်ကျောင်းသူတစ်ယောက်က ရေးတာဆိုရင် ပိုပြီး ထိရောက်တာပေါ့"

"ကျွန်မ မရေးတတ်ပါဘူး ကိုမြတ်ထွန်း"

"ရေးလျှင် ဖြစ်နိုင်ပါတယ်၊ မခင်မိက စကားပြောကောင်းတာပဲဟာ"

"ကျွန်မက စကားပြောကောင်းတယ်"

"အင်းလေ စကားရည်လုပွဲတုန်းကပြောတာ ကျွန်တော် နားထောင်ရသားပဲ"

မခင်မိက ပြုံး၍-

"ဒါက ဆရာမတွေ နိုင်းလို့ လုပ်ရတာ၊ ကိုမြတ်ထွန်းက မသိလို့နေမှာ၊ အဲဒီ စကားရည်လုပွဲမှာ ပြောဖို့ ဆရာမတွေက ရေးပေးတာကို ကျွန်မ အလွတ်လောက်နီးနီး ကျက်ပြီး ပြန်ပြောရတာပါ"

ကိုမြတ်ထွန်းက တစ်ခုပြောမည် ပြုပြီးမှ နောက်ကိုလှည့်ကြည့်၍-

"ဟောဗျာ"

"ဘာဖြစ်လို့လဲ"

"ကိုခင်မောင်မြင့်နဲ့ မခင်နွယ်ညွန့်တို့ ဘယ်ရောက်သွားကြပါလိမ့်"

မခင်မိလည်း နောက်ကို လှည့်ကြည့်၍-

တကယ်တော့ ကိုခင်မောင်မြင့်တို့သည် နောက်က လျှောက်လိုက်လာသယောင်ယောင်နှင့် ကျောင်းဝင်းထဲ ပြန်ကွေ့ဝင်သွားကြခြင်း ဖြစ်သည်။ ရှောင်ထွက်ပေးကြခြင်းပင်။

"အင်းလျားဆောင်ထဲများ ဝင်နေကြသလား မသိဘူး"

ဟု မခင်မိက ပြောသည်။ ထို့နောက် သူတို့ နှစ်ယောက်တည်း ဆက်လျှောက်လာခဲ့ကြသည်။

မခင်မိသည် ရှက်သလိုလို ဖြစ်လာ၏။ အခုလို သူနှင့် ကိုမြတ်ထွန်းတို့ နှစ်ယောက်တည်း တွဲလျှောက်လာနေကြသည်ကို သူများတွေ မြင်လျှင် ဘယ်လို ထင်ကြမည်နည်း။ ချစ်သူစုံတွဲဟု ထင်ကြမည် ဖြစ်၏။ ထိုသို့ တွေးမိသောအခါ မခင်မိ ရင်ခုန်သွားမိသည်။ ကိုမြတ်ထွန်းကို မရဲတရဲ

mgyoe.com

ကြည့်လိုက်သောအခါ တစ်စုံတစ်ခုကို လေးလေးနက်နက် တွေးနေပုံရကြောင်း တွေ့ရသည်။

''မခင်မိ''

ဟု ကိုမြတ်ထွန်းက ခေါ်သည်။ ကိုမြတ်ထွန်း၏ အသံသည် တည်တည်ငြိမ်ငြိမ် ဖြစ်သော်လည်း စိတ်လှုပ်ရှားမှု အရိပ်အယောင်တွေ ပါဝင်နေသည်။ သူက ဆက်၍-

''စကားရည်လုပွဲတုန်းက မခင်မိပြောတဲ့ ခေါင်းစဉ်နဲ့ ပတ်သက်ပြီး ဘယ်လို သဘောရသလဲဟင်''

''ကျွန်မတော့ သေသေချာချာ မစဉ်းစားကြည့်မိပါဘူး၊ ပြောသာ ပြောလိုက်ရတာ''

မခင်မိတို့ဘက်က တင်ရသော အဆိုက-

'အိမ်ထောင်တစ်ခုကို တည်ဆောက်ရာတွင် အချစ်ထက် စီးပွားရေး နိုင်မာမှုက အရေးကြီးသည်' ဟု။ ကိုခင်မောင်မြင့်တို့က ထိုအဆိုကို ဆန့်ကျင် ချေပရသည်။ ခု ကိုမြတ်ထွန်းက မေးခြင်းသည် ဘာသဘောလဲဟု မခင်မိ အဖြေရှာကြည့်နေဆဲမှာ-

''စကားရည်လုပွဲဆိုတာဟာ ကိုယ်ပြောရမယ့် ခေါင်းစဉ်ကို ယုံကြည်သည် ဖြစ်စေ၊ မယုံကြည်သည် ဖြစ်စေ ထောက်ခံပြောရတာမျိုးပဲ မဟုတ်လား မခင်မိရဲ့၊ ကျွန်တော်ကတော့ ကျွန်တော် ကူညီလိုက်ရတဲ့ လူတွေကျတဲ့ဘက်က ခေါင်းစဉ်ကို တကယ် ယုံကြည်တာပါ၊ အိမ်ထောင်ရေးမှာ အချစ်ကသာ အဓိကပါဗျာ''

နောက်ဆက်တွဲ အဓိပ္ပာယ်တွေ အများကြီး ပါသောစကား။ ထိုစကားသည် ကိုမြတ်ထွန်းက မခင်မိကို ချစ်ခွင့်ပန်ခြင်း၏ နိဒါန်းပင် ဖြစ်ပေသည်။

mgyoe.com

mgyoe.com SAMPLE BOOK

ကိုမြတ်ထွန်း၏ အချစ်ကို လက်ခံလိုက်သည်။

ထိုနေ့က ကိုမြတ်ထွန်း ဖြစ်နေပုံမှာ ရယ်စရာကောင်းသည်ဟု ဆိုရမလား၊ သနားစရာကောင်းသည် ဆိုရမလား မသိ။ ကိုမြတ်ထွန်းသည် ပင်ကိုအားဖြင့် အလွန်တည်ငြိမ်သူ ဖြစ်သည်။ တော်ရုံတန်ရုံ ဝမ်းသာစရာ၊ ဝမ်းနည်းစရာလောက်ကို မတုန်မလှုပ် နေနိုင်စွမ်းသည်။

အခုတော့-

ကိုမြတ်ထွန်း အဆောင်ကို လာသောအခါ မခင်မိက ဆင်းမတွေ့ရဲချေ။ သူ ရှက်နေသည်။ ထို့ကြောင့် ကိုမြတ်ထွန်း၏အချစ်ကို လက်ခံတုံ့ပြန်ကြောင်း စာကလေးတစ်စောင်ရေးပြီး ခင်နွယ်ညွန့်ကို ပေးခိုင်းလိုက်ရသည်။

ကိုမြတ်ထွန်းကို ဆင်းမတွေ့ရဲသည့်တိုင် ကြည့်တော့ ကြည့်လိုက်ချင်သေးသည်။ ထို့ကြောင့် အဆောင်အပေါ်ထပ်က အုတ်တိုင်ကိုကွယ်ပြီး ကိုမြတ်ထွန်း ထွက်အလာကို အသာချောင်းကြည့်နေလိုက်သည်။

ကိုမြတ်ထွန်း အဆောင်ထဲက ထွက်လာသည်။ အဆောင်အဝင်စပ်က အုတ်ခုံမှာ ထိုင်ပြီး ချက်ချင်း ထပြန်ရပ်သည်။ အနောက်ဘက်သို့ ပြန်လှည့်လာမည်ပြုပြီး ခြေလှမ်းပြင်ပြီးမှ ပြန်လှည့်ထွက်သွားသည်။ သူ စိတ်လှုပ်ရှားနေကြောင်း သိသာသည်။ သူ့ကို အခုလို ဂနာမငြိမ်သည့် ပုံစံမျိုးဖြင့် တစ်ခါမျှ မမြင်ဖူးခဲ့ချေ။

mgyoe.com

mgyoe.com

ကိုမြတ်ထွန်းသည် ရေတမာပင်အောက်မှာ ရပ်လိုက်သည်။ ပြီးတော့ အိတ်ထဲကစာကို ထုတ်ပြီး ဖတ်သည်။ နောက်တစ်ခေါက် ထပ်ဖတ်ဟန် တူသည်။ ဝင်းခတ်ထားသော သံတိုင်တွေ ကွယ်နေသဖြင့် သူ့မျက်နှာထား ကိုတော့ ကောင်းကောင်း မမြင်သာ။

သူသည် အဆောင်ဘက်ကို တစ်ချက် မျှော်ကြည့်သည်။ ပြီးတော့ သူ့အနေဖြင့်ဆိုလျှင် ကလေးကလားဆန်သည်ဟု ယူဆရသော အပြုအမူ တစ်ခုကို ပြုလုပ်လိုက်၏။

ရေတမာပင်ရွက်များကို လှမ်းခူန်၍ နူးယူလိုက်ခြင်းပင် ဖြစ်လေသည်။

မခင်မိသည် ကြည့်ရင်းက ပြုံးမိသည်။ စိတ်ထဲကလည်း ပျော်ရွှင်သွားလေ၏။

mgyoe.com

mgyoe.com SAMPLE BOOK

''ကျွန်တော့် မေတ္တာကို ဘာလို့ လက်ခံခဲ့တာလဲ''

ကိုမြတ်ထွန်းက မေးသည်။

''ပြောဖို့ လိုသေးလို့လား ကိုမြတ်ထွန်းရယ်''

''လိုတာပေါ့၊ ဒါ အရေးကြီးတဲ့ ကိစ္စတစ်ခုပဲ''

''ကျွန်မ မေတ္တာကို ကိုမြတ်ထွန်း ရနေပြီပဲဥစ္စာ၊ ပြီးရောပေါ့''

''မပြီးသေးဘူးလေ၊ အကျိုးတရားတစ်ခု ဖြစ်လာဖို့ဟာ အကြောင်းတရားရှိမှ မဟုတ်လား၊ တွက်နည်း မသိဘဲ ရတဲ့အဖြေမျိုးဆိုတာ ဘယ်ကောင်းပါ့မလဲ''

''ကျွန်မတော့ အဲဒါတွေ မပြောတတ်ပါဘူး၊ ကျွန်မ ကိုမြတ်ထွန်းကို သံယောဇဉ်ဖြစ်ရာက စတာလို့ပဲ ပြောတတ်တယ်''

''ကျွန်တော့်ဘက်ကတော့ ပြောရလိမ့်မယ် မခင်မိရယ်၊ ဘာကြောင့်လဲဆိုတော့ မခင်မိတို့ မိဘတွေက ချမ်းသာတယ် မဟုတ်လား''

မခင်မိက တစ်ခုခု ပြောမည်ပြုစဉ် ကိုမြတ်ထွန်းက လက်ကာပြပြီး-

''ကျွန်တော်က တစ်ကောင်ကြွက် တစ်မျက်နှာ၊ အခု လုပ်နေတဲ့ အလုပ်ကရတဲ့ လခကလွဲလို့ တခြား ဘာမှ မရှိဘူး၊ အခြေအနေချင်းက ကွာခြား လွန်းတယ်လေ၊ ကျွန်တော် မခင်မိကို ချစ်ခဲ့တာဟာ မခင်မိက ချမ်းသာလို့ မခင်မိတို့ မိဘတွေရဲ့ စည်းစိမ်ချမ်းသာကို မက်မောလို့ အထင်ခံရမှာကို အစိုးရိမ်ဆုံးပဲ၊ တကယ်တော့ ကျွန်တော်ဟာ မခင်မိကို

mgyoe.com

mgyoe.com

မြင်မြင်ချင်း၊ မခင်မိရဲ့ မိဘတွေ ချမ်းသာတာကို မသိခင်ကတည်းက မေတ္တာရှိခဲ့တာပါ၊ နောက်တော့ မခင်မိတို့ ချမ်းသာတာကို သိတဲ့အခါမှာ ကျွန်တော့်လို ပစ္စည်းမဲ့ တစ်ယောက်နဲ့ မခင်မိလို သူဌေးသမီးတစ်ယောက်နဲ့ ပေါင်းစပ်လို့ ဖြစ်နိုင်ပါ့မလားလို့ တွေးမိခဲ့ပါတယ်၊ မဖြစ်နိုင်ဘူးထင်လို့ ရှေ့ဆက် မကြိုးစားဘဲ နေဖို့တောင် ဆုံးဖြတ်ခဲ့ပါသေးတယ်၊ ဒါပေမဲ့ဗျာ…”

“ကိုမြတ်ထွန်းကို ကျွန်မ တစ်ခု ပြောပါရစေဦး”

မခင်မိက ဖြတ်ပြောလိုက်သည်။

“ခုန ကိုမြတ်ထွန်းပြောခဲ့တဲ့ ကျွန်မက ချမ်းသာတာတို့၊ ကိုမြတ်ထွန်းက ဆင်းရဲတာတို့ ဆိုတာတွေကို ကျွန်မ တစ်ခါမှ မစဉ်းစားမိပါဘူး၊ ရှင်းရှင်းပြောရရင် ကျွန်မ ကိုမြတ်ထွန်းရဲ့ မေတ္တာကို တုံ့ပြန်ခဲ့တာဟာ ဘာကြောင့်လဲလို့ဆိုတာ ကျွန်မကိုယ် ကျွန်မလည်း မသိဘူး၊ ဘာကြောင့်လဲ ဆိုတော့ ကျွန်မဟာ ကိုမြတ်ထွန်းအပေါ်မှာ ဦးနှောက်နဲ့ ဆုံးဖြတ်ခဲ့တာမှ မဟုတ်ဘဲ၊ နှလုံးသားနဲ့ ဆုံးဖြတ်ခဲ့တာပါ၊ စာရေးဆရာကြီး တစ်ယောက်က ပြောဖူးတယ်၊ ဦးနှောက်နဲ့ ဆုံးဖြတ်တာဟာ အမှားနည်းတယ်တဲ့၊ နှလုံးသားနဲ့ ဆုံးဖြတ်တာကတော့ မှန်ချင်လည်း မှန်မယ်၊ မှားချင်လည်း မှားမယ်၊ မရေရာဘူးတဲ့၊ ဒါပေမဲ့ နှလုံးသားနဲ့ ဆုံးဖြတ်လိုက်လို့ မှားသွားရင်လည်း အဲဒီ အမှားက ခံသာပါတယ်တဲ့၊ တကယ်လို့ ကျွန်မ ကိုမြတ်ထွန်းကို ချစ်ခဲ့တာဟာ မှားသွားတယ် ဆိုရင်တောင် ကျွန်မ ဘယ်တော့မှ နောင်တရမှာ မဟုတ်ပါဘူး”

“မခင်မိကို ကျွန်တော် သိပ်လေးစားပါတယ်”ဟု ကိုမြတ်ထွန်းက လှိုက်လှဲသော အသံဖြင့် ပြောသည်။

“ကျွန်မ တစ်ခုတော့ ပြောချင်တယ် ကိုမြတ်ထွန်းရယ်”

“ပြောပါ မခင်မိ”

“ကျွန်မဟာ သိပ်အစွဲလမ်း ကြီးတတ်ပါတယ်၊ ဆုံးဖြတ်ချက် တစ်ခုကိုချဖို့ နှောင့်နှေးမိတတ်သလို ဆုံးဖြတ်ပြီးရင်လည်း နောက်ဆုတ်လေ့ မရှိပါဘူး၊ ကျွန်မရဲ့ မေတ္တာကို ယုံကြည်စေချင်ပါတယ်၊ ကိုမြတ်ထွန်း အပေါ်မှာ ကျွန်မ ဘယ်တော့မှ သစ္စာမဖောက်ပါဘူး၊ ဘယ်လို အခြေအနေ မျိုးမှာပဲ ဖြစ်ဖြစ်၊ ဘာအကြောင်းကြောင့်ပဲ ဖြစ်ဖြစ် ကျွန်မ မေတ္တာက အမြဲ ထာဝရ တည်မြဲနေမှာပါ”

mgyoe.com

"မခင်မိ၊ ကျွန်တော် ပြောရမယ့်စကားတွေကို မခင်မိကချည်း အကုန်ပြောသွားပါပေါ့လား၊ ကျွန်တော့်အတွက် ပြောစရာ မကျန်တော့ဘူး"

"ပြောဖို့ မလိုတော့ပါဘူးလေ၊ ကိုမြတ်ထွန်း ပြောပြီးပြီလို့ ကျွန်မ ယူဆထားပါ့မယ်"

"ကျွန်တော် ပြောဖို့ တစ်ခု ကျန်ပါသေးတယ်"

"ဘာလဲဟင်"

"မိကို ကိုယ် သိပ်ချစ်တယ်"

"အဲဒီ စကားတစ်ခွန်းနဲ့ပဲ အရာရာ ပြီးပြည့်စုံသွားပါပြီရှင်"

တစ်ယောက်နှင့်တစ်ယောက် ကြည့်ပြီး ပြုံးမိကြသည်။

mgyoe.com

mgyoe.com SAMPLE BOOK

ကိုမြတ်ထွန်းသည် ချစ်သူတစ်ယောက် ဖြစ်နေသည့်တိုင်အောင် အခွင့်အရေး မယူတတ်ချေ။ မခင်မိကို လက်ဖျားနှင့်ပင် မတို့။ နှစ်ယောက် တွေ့ကြပြီ ဆိုလျှင် မခင်မိ မျက်နှာကို ငေးကြည့်၍ စကားတွေသာ ပြောနေ တတ်သည်။

တစ်ခါတစ်ရံ အင်းလျားကန်ပေါင်ပေါ်မှာ လမ်းလျှောက်ကြသည်။ မမကြည် အအေးဆိုင်မှာ ထိုင်သည့်အခါ ထိုင်သည်။ ဦးချစ်ဆိုင် သွားသည့် အခါ သွားသည်။ တစ်ခါတလေ ရုပ်ရှင်ကြည့်သည်။ မြန်မာကား ကြည့်ချင် လျှင် ဆုထူးပန်၊ သွင်၊ မြို့မ၊ ရွှေဂုန်တို့ကို သွားသည်။ နိုင်ငံခြားကား ကြည့်ချင်လျှင် ကာလ်တန်၊ ရှိုင်ရယ်၊ ဂလုပ်၊ အိတ်ဆယ်စီယာတို့သို့ သွားသည်။

ကိုမြတ်ထွန်းသည် မခင်မိဆီသို့ မကြာ မကြာ ရောက်လာတတ် သော်လည်း နေ့စဉ်နေ့တိုင်း လာနိုင်သည်တော့ မဟုတ်။ ဂျာနယ်ထွက်ခါနီး သုံးလေးရက် အလိုလောက်ဆိုလျှင် အလုပ်တွေများပြီး မလာနိုင်။ ဂျာနယ် ထွက်တော့မှ မခင်မိအတွက် ဂျာနယ်တစ်စောင်နှင့်အတူ ရောက်လာတတ် သည်။ ပြီးတော့ ဂျာနယ်ထဲက ဆောင်းပါးတွေအကြောင်း ဆွေးနွေးလေ့ တော့သည်။

မခင်မိက ကိုမြတ်ထွန်းပြောသည့် အကြောင်းရာတိုင်းကို နားလည် သည်တော့ မဟုတ်ချေ။ တစ်ခါတစ်ရံတွင် ကိုမြတ်ထွန်းက နိုင်ငံရေး အကြောင်း ပြောတတ်သည်။ မခင်မိတ နိုင်ငံရေးကို သိပ်စိတ်ဝင်စားသူ

mgyoe.com

မဟုတ်။ သို့ရာတွင် ကိုမြတ်ထွန်း ပြောသမျှကိုတော့ မပျင်းမရိ နားထောင်နေလေ့ ရှိသည်။

ကိုမြတ်ထွန်းသည် အများနှင့်မတူသော လူတစ်ယောက် ဖြစ်သည်။ တစ်ခါတစ်ရံမှာ သူ့အယူအဆများသည် လူအများ လက်ခံထားသော အယူအဆများနှင့် ကွဲပြားနေတတ်သည်။ တချို့ ကိစ္စများတွင် အစဉ်အလာ အယူအဆများကို လက်မခံဘဲ တချို့ ကိစ္စတွေမှာကျတော့ ရှေးရိုးဆန်နေတတ်ပြန်သည်။

ဘာပဲဖြစ်ဖြစ် ကိုမြတ်ထွန်းသည် ကိုယ်ကျင့်တရားကိုတော့ အလွန်ထိန်းသိမ်းသူ ဖြစ်လေသည်။ မခင်မိကတော့ တစ်ခါတစ်ခါ ကိုမြတ်ထွန်းကို လူတစ်မျိုးပဲဟု ထင်မိသည့်တိုင် လေးလေးစားစား ချစ်နေမိမြဲပင် ဖြစ်သည်။

mgyoe.com

mgyoe.com SAMPLE BOOK

ကျောင်းပိတ်ရက်တွင် မခင်မိ နယ်ပြန်သွားသည်။ အိမ်ပြန်ရောက်သောအခါ သူ မမျှော်လင့်သော ကိစ္စတစ်ခုနှင့် ကြုံရလေသည်။ ကိုမြတ်ထွန်းနှင့် သူ့ အကြောင်းကို အိမ်က သိနေခြင်းပင် ဖြစ်သည်။

မခင်မိမှာ အမေ မရှိတော့။ ဖခင်ဖြစ်သူ ဦးဘရွှေနှင့် အဒေါ် ဒေါ်မြရွှေတို့က ထိန်းသိမ်း စောင့်ရှောက်ခဲ့ကြသည်။ မခင်မိ၏ အထက်က မခင်အိကတော့ ဆန်စက်ပိုင်ရှင်တစ်ယောက်၏ သားနှင့် လက်ထပ်သွားခဲ့ပြီ ဖြစ်သည်။

ဦးဘရွှေက သစ်ကုန်သည် ဖြစ်သည်။ သစ်တောကြိုးဝိုင်းများမှ လုပ်ကွက်များကို ကန်ထရိုက် ဆွဲသည်။ သစ်များကို ခုတ်လှဲပြီး ရန်ကုန်သို့ မျှောချသည်။ ရန်ကုန်မှာ ဦးဘရွှေ၏ မိတ်ဆွေ ဦးတောက်ထိန် ရှိသည်။ ဦးတောက်ထိန်က သစ်စက်တည်ထားပြီး ရောက်လာသော သစ်တွေကို ခွဲသည်။

ဦးဘရွှေနှင့် ဦးတောက်ထိန်တို့သည် စီးပွားဖက်များဖြစ်၍ အလွန် ရင်းနှီးသည်။ တစ်ဦး၏ လုပ်ငန်းတွင် တစ်ဦးက အပြန်အလှန် အစုရှယ်ယာ ဝင်ထားခြင်းဖြင့် ပို၍ ခိုင်မာစေသည်။ ထို့အပြင် ဦးတောက်ထိန်၏ သစ်စက်မှာ မန်နေဂျာလုပ်နေသော ဦးတောက်ထိန်၏ သားကြီး ဝီလီ တောက်ထိန်နှင့် မခင်မိကို လက်ဆက်ပေးရန် ရည်ရွယ်ထားကြသည်။

ကိုမြတ်ထွန်းနှင့် မခင်မိတို့ အကြောင်းကို ဦးတောက်ထိန်တို့ သိရှိသွားပြီး ဦးဘရွှေထံ အကြောင်းကြားခဲ့ခြင်းပင် ဖြစ်လေသည်။

mgyoe.com

m g y o e . c o m

SAMPLE BOOK

ဦးဘရွှေသည် စိတ်ထက်သူ ပြတ်သားသူဖြစ်သည်။ ကိုမြတ်ထွန်းနှင့် ဖြစ်သည့်ကိစ္စနှင့် ပတ်သက်ပြီး မခင်မိကို ပြင်းပြင်းထန်ထန် ဆူပူကြိမ်းမောင်းခြင်းတော့ မပြု၊ သို့ရာတွင်–

"သမီး အသက်အရွယ်နဲ့သမီး ချစ်သူရှာတယ်ဆိုတာကို ဖေဖေ ဘာမှ မပြောလိုပါဘူး၊ ဒါပေမဲ့ ဖေဖေ့အနေနဲ့ ပြောပိုင်ခွင့်ရှိတဲ့ အပိုင်းကိုတော့ ပြောရလိမ့်မယ်၊ အဲဒါကတော့ အဲဒီ မောင်မြတ်ထွန်းဆိုတဲ့ သူငယ်နဲ့ သမီးကို သဘောမတူနိုင်တဲ့ အကြောင်းပဲ၊ ဘာကြောင့်လဲဆိုတော့ သူဟာ အိုင်အေ လောက်သာ အောင်တဲ့အတွက် သမီးထက် ပညာအရည်အချင်း နိမ့်တယ်၊ ပြီးတော့ ပစ္စည်းဥစ္စာမှာလည်း မယှဉ်သာအောင် ကွာခြားလွန်းတယ်၊ သူ့ရဲ့ အလုပ်အကိုင်ကလည်း ဘာမှ အာမခံချက် မရှိဘူး။ စာနယ်ဇင်းသမား ဆိုတာ ကြိုးတန်းပေါ်မှာ လမ်းလျှောက်နေသူတွေပဲ၊ တစ်နေ့ မဟုတ် တစ်နေ့ ကြိုးတန်းပေါ်က ပြုတ်ကျမှာ ကျိန်းသေတယ်။ အေးလေ သမီးကလည်း ကောလိပ်ကျောင်းတောင် ရောက်နေပြီပဲ၊ ကိုယ့်ဘာသာကိုယ် သင့်တော်မယ် ထင်တာကို စဉ်းစားဆုံးဖြတ်ပေါ့၊ တစ်ခုတော့ ရှိတယ်နော်၊ သမီးက အဲဒီ သူငယ်ကို ယူဖို့ ဆုံးဖြတ်တယ် ဆိုရင်တော့ ဖေဖေတို့နဲ့ အရင်ဆုံး အဆက်ဖြတ် ရလိမ့်မယ်"

ဦးဘရွှေက ခပ်အေးအေးပင် ပြောသည်။ ခပ်အေးအေး ဆိုသည်ထက် အေးစက်စက်ဆိုလျှင် ပို၍ မှန်လိမ့်မည်။ ဒေါသတကြီး ဆူပူကြိမ်းမောင်း လိုက်တာထက် ပိုပြီး ပြင်းထန်သည်။ ဒေါသဆိုသည်မှာ ရတ်ကရက် ပေါက်ကွဲ လိုက်ခြင်းမျိုး ဖြစ်သည်။ ပြန်လည် ငြိမ်သက်သွားနိုင်သည်။ သွေးအေးအေးနှင့် ဆုံးဖြတ်ခြင်းမျိုးကား ပြင်ဆင်မှု၊ ပြောင်းလဲမှု မရှိတတ်။

✦✦✦

ကျောင်းဖွင့်သောအခါ မခင်မိ ရန်ကုန် ပြန်လာခဲ့သည်။ ပြန်ခါနီး အဖေ့ကို ကန်တော့သောအခါ အဖေ မျက်နှာတစ်ချက် ပျက်သွားသည်ကို တွေ့ရသည်။ စိတ်ထဲမှာ အဖေ့ကို နောက်ဆုံး မြင်ရခြင်းများ ဖြစ်လေမလားဟု ထင်မိသည်။ ထိုစဉ်ကတည်းက သူ့မှာ ဆုံးဖြတ်ချက် ပါလာခဲ့ပြီးသား ဖြစ်လေသည်။

mgyoe.com

mgyoe.com

သူတို့အကြောင်း အဖေ သိသွားသည့်အကြောင်း၊ အဖေပြောသော စကားများအကြောင်း ကိုမြတ်ထွန်းကို ပြန်ပြောပြသောအခါ ကိုမြတ်ထွန်းက–

"ဒီကိစ္စနဲ့ ပတ်သက်ပြီး ကျွန်တော့်အနေနဲ့ ဘာမှ မတိုက်တွန်းချင်ဘူး၊ အဆုံးအဖြတ်လည်း မပေးချင်ဘူး၊ မခင်မိဘာသာ စဉ်းစားဆုံးဖြတ်တာက ပိုပြီး မှန်ကန်လိမ့်မယ် ထင်တယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်ဟာ နဂိုကတည်းက လက်မဲ့သမားပဲ။ ဘာမှ ဆုံးရှုံးစရာအကြောင်း မရှိဘူး။ မခင်မိကို လက်ထပ်ခွင့် ရမယ်ဆိုရင်သာ ကျွန်တော့်အတွက် အပေါင်းလက္ခဏာ ဖြစ်လာမှာပါ။ မခင်မိအဖို့မှာကတော့ ကျွန်တော့်ကို လက်ထပ်မယ်ဆိုရင် ဆုံးရှုံးလက်လွှတ်ရမယ့် တန်ဖိုးက သိပ်ကြီးမားနေတယ်။ ဒါကြောင့် မခင်မိ ဘာသာ ဆုံးဖြတ်ပါ။ အဲဒီလို ဆုံးဖြတ်တဲ့အခါမှာလည်း ကျွန်တော့် အတွက် ဘာမှ ငဲ့ညှာပြီး မစဉ်းစားပါနဲ့။ နောက်တစ်ခုက ဒီကိစ္စကို ခုချက်ချင်း မဆုံးဖြတ်ပါနဲ့ဦး။ အေးအေးဆေးဆေး အချိန်ယူပြီး စဉ်းစားပါ။ တစ်လ လောက်ပေါ့။ ဒီကြားထဲမှာ ကျွန်တော် မခင်မိဆီ မလာဘဲနေမယ်။ တစ်လ ပြည့်တဲ့ အခါကျမှ ကျွန်တော် လာခဲ့ပါ့မယ်"

ကိုမြတ်ထွန်းပြောသော စကားတွေက အလွန်မှန်သည်။ သူ့အနေဖြင့် ကိုမြတ်ထွန်းကို လက်ထပ်လိုက်လျှင် ဖခင်၏ စွန့်ပစ်ခြင်းကို ခံရပေလိမ့်မည်။ အဖေက ပြောသည့်အတိုင်း လုပ်လိမ့်မည် ဖြစ်ကြောင်း သူသိသည်။

အဖေ၏ စွန့်ပစ်ခြင်းကို ခံရလျှင် ပူပင်ကြောင့်ကြကင်းစွာ သုံးစွဲနေထိုင်ရသော ဘဝကိုပါ စွန့်လွှတ်ရလိမ့်မည်။ ထို့ထက်မက တက္ကသိုလ်ကျောင်းသူဘဝကိုပါ စွန့်လွှတ်ရပေလိမ့်မည်။ စည်းစိမ်ချမ်းသာနှင့် ပြည့်စုံသော သူဌေးသမီးအဖြစ်နှင့် လုံးဝ ကွာခြားသော သာမန်ဂျာနယ်သမားလေးတစ်ယောက်၏ ဇနီးအဖြစ်သို့ သက်ဆင်းရလိမ့်မည်။ စွန့်လွှတ်ရမည့် အရာများကား အတိုင်းအတာ ကြီးမားလွန်လှသည်။ စွန့်စားမှုတစ်ခု၏ တန်ဖိုးကား မသေးငယ်လှချေ။

စည်းစိမ်ချမ်းသာကို ဖယ်ထားလိုက်။ အဖေ့ကို ခွဲခွာနိုင်သလား။ အဖေ့အကြောင်း စဉ်းစားကြည့်သည်။

အမေဆုံးပြီး နှစ်နှစ်အကြာမှာ အဖေ နောက်မိန်းမယူသည်။ ထိုစဉ်က သူသည် ခြောက်တန်းကျောင်းသူ ဖြစ်သည်။ အဖေက သူတို့ ညီအစ်မ နှစ်ယောက်ကို ရန်ကုန်သို့ ပို့၍ ကျောင်းအိပ်ကျောင်းစား ထားသည်။ ထိုစဉ်

mgyoe.com SAMPLE BOOK

ကတည်းကစ၍ ကျောင်းပိတ်ရက် အိမ်ပြန်သောအခါကျမှ အဖေနှင့် တွေ့ရလေတော့သည်။

အဖေသည် နောက်မိန်းမနှင့် ကလေး မရချေ။ သို့တိုင်အောင် သူတို့နှင့် မိထွေးဖြစ်သူတို့၏ ဆက်ဆံရေးမှာ ပုံမှန်ထက် မပိုခဲ့။

သူက ဆယ်တန်းအောင်ပြီး တက္ကသိုလ် ဆက်တက်ဖြစ်သည်။ အစ်မဖြစ်သူ မခင်အိက ကျောင်းဆက်မတက်ဖြစ်။ အဖေ သဘောတူသည့် သူနှင့် လက်ထပ်လိုက်သည်။

အဖေက သူ့ကို မချစ်ဘူးတော့ မဟုတ်။ ချစ်သည်။ သူကလည်း အဖေ့ကို ချစ်ပါသည်။ သို့ရာတွင် သူက ခုထိ ကျောင်းအိပ်ကျောင်းစားချည်း နေခဲ့ရသဖြင့် အဖေနှင့် အနေဝေးခဲ့သည်။ ထို့ကြောင့် အဖေနှင့်သမီး သိပ်တရင်းတနှီး မရှိလှချေ။ ပြီးတော့ အဖေက သမီးရယ်လို့ တယုတယ ဆက်ဆံပြောဆိုလေ့ မရှိ။ ခပ်မှန်မှန်သာ နေလေ့ ရှိသည်။

ထိုအချက်များသည် သူ့အား ကိုမြတ်ထွန်းဘက်သို့ တွန်းပို့နေသော အချက်များပင် ဖြစ်သည်။

သူသည် ကိုမြတ်ထွန်းကို ချစ်သည်။ ကိုမြတ်ထွန်းနှင့် အတူနေရလျှင် ဆင်းရဲသော်လည်း စိတ်ချမ်းသာလိမ့်မည် ထင်သည်။ ကိုမြတ်ထွန်းနှင့် ခွဲခွာဖို့အရေးကို စဉ်းစားကြည့်သောအခါ အဖေ၏ စွန့်ပစ်ခြင်းခံရသည်ထက် ပို၍ ဆိုးသော စိတ်ဒုက္ခကို ခံစားရလိမ့်မည်ဖြစ်ကြောင်း သိလာရသည်။ ထို့ကြောင့် ကိုမြတ်ထွန်းကို လက်ထပ်ဖို့ ဆုံးဖြတ်လိုက်သည်။

ကိုမြတ်ထွန်းက တစ်လ အချိန်ယူဖို့ ပြောသော်လည်း သူက ဆယ်ရက်အတွင်းမှာ ဆုံးဖြတ်ချက် ချလိုက်သည်။ ခင်နွယ်ညွန့်တို့၊ ကြူကြူစိန်တို့က လောလောဆယ် ဘာမျှ မဆုံးဖြတ်သေးဘဲ အဖေ့ကို အချိုသတ်ထားရင်း ကျောင်းဆက်တက်ဖို့ အကြံပေးကြသေးသည်။

မဖြစ်နိုင်။ အဖေ့ကို မညာချင်။ အဖေကလည်း အညာခံမည် မဟုတ်ချေ။ ဒီကြားထဲမှာ ဝီလလီတောက်ထိန်နှင့် ကိစ္စကို စီစဉ်မည်ပင်ဖြစ်သည်။ ပြီးတော့လည်း အဖေ၏ ဆန္ဒကို ဆန့်ကျင်မိမှတော့ အဖေ့အထောက်အပံ့ကိုလည်း ကြာရှည်ဆက်မယူချင်တော့ပြီ။

ကိုမြတ်ထွန်းကတော့–

"မခင်မိကို ကျောင်းဆက်မထားပေးနိုင်တဲ့တွက် ကျွန်တော်

mgyoe.com

mgyoe.com SAMPLE BOOK

စိတ်မကောင်းပါဘူး။ မခင်မိနဲ့ လက်ထပ်ခွင့်ရတဲ့အတွက်တော့ ကျွန်တော် အများကြီးပဲ ဝမ်းသာပါတယ်။ နောက်တစ်ခုကတော့ လိုလေသေးမရှိအောင် ပြည့်စုံတဲ့ဘဝကို စွန့်လွှတ်ပြီး ကျွန်တော်တို့လို လူတန်းစားရဲ့ ဘဝထဲကို ဆင်းလာဝံ့တဲ့ မခင်မိရဲ့သတ္တိကို ချီးကျူးပါတယ်။ အင်းလေ ကျွန်တော်ကတော့ မခင်မိကို ချစ်တာဟာ စည်းစိမ်ချမ်းသာနဲ့ ဘာမှ မဆိုင်ပါဘူး။ လူကိုသာ ချစ်တယ်ဆိုတာ သက်သေပြခွင့် ရသွားတာပေါ့'' ဟု ပြောသည်။

''တစ်နေ့နေ့ကျရင်သာ ကျွန်မ မေတ္တာကို အပြစ် မမြင်မိပါစေနဲ့နော်''

ဟု သူ ပြန်ပြောသည်။

mgyoe.com

mgyoe.com SAMPLE BOOK

သူတို့နှစ်ယောက် လက်ထပ်လိုက်ကြသည်။ ညည့်ခံပွဲကို ဆန်းကဖေးမှာ ပြုလုပ်သည်။ မင်္ဂလာ အခမ်းအနားကြီး ပြုလုပ်သည်တော့ မဟုတ်ချေ။ မိတ်ဆွေ အပေါင်းအသင်း အနည်းငယ်ကို လက်ဖက်ရည်နှင့်မုန့် တိုက်ကျွေးခြင်းသာ ဖြစ်၏။ စုစုပေါင်းမှ လူဆယ်ယောက်လောက်သာ ပါဝင်သည်။ ကိုခင်မောင်မြင့်၊ ကိုမောင်မောင်ကြီး၊ ကိုစိန်မြင့်၊ ခင်နှယ်ညွန့်၊ ကြူကြူစိန်နှင့် စာနယ်ဇင်းလောကမှ ကိုမြတ်ထွန်းနှင့် အရင်းနှီးဆုံး မိတ်ဆွေများသာ ဖြစ်၏။

မင်္ဂလာဆောင်ကို ဘယ်လောက်ထိ အကျဉ်းချုံးသလဲဆိုလျှင် တရားရုံးမှာ လက်ထပ်စာချုပ် ပြုလုပ်ခြင်းတောင် မရှိခဲ့။ ဒါကလည်း ကိုမြတ်ထွန်း၏ ဆန္ဒအတိုင်း ဖြစ်သည်။

သူက–

"စာချုပ်စာတမ်းဆိုတာ တစ်ယောက်ကို တစ်ယောက် မယုံကြည်လို့သာ ချုပ်ဆိုကြတာ မဟုတ်လား၊ တစ်ယောက်နဲ့ တစ်ယောက် ချစ်ကြတယ်ဆိုရာမှာ စာရွက်ပေါ်မှာ လက်မှတ်ထိုးရုံနဲ့ မခိုင်မြဲနိုင်ပါဘူး။ အိမ်ထောင်ရေးဘဝတစ်ခုကို စာချုပ်တစ်ချပ်နဲ့ ချုပ်ကိုင် ထိန်းသိမ်းထားနိုင်တယ်လို့ ကိုယ်မယုံကြည်ဘူး။ နောက်ပြီး ကိုယ်တို့ မြန်မာလူမျိုးတွေရဲ့ ထုံးတမ်းစဉ်လာမှာ စာချုပ်တွေ ဘာတွေ မလိုပါဘူး။ အရှေ့ခုနစ်အိမ်၊ အနောက်ခုနစ်အိမ်က အသိအမှတ်ပြုတယ်ဆိုရင် လင်မယားအရာမြောက်တာပါပဲ။ စာချုပ်ကတိ၊

mgyoe.com

mgyoe.com


ပါးစပ်ကပြောတဲ့ ကတိတွေထက် နှလုံးသားထဲမှာ ထိန်းသိမ်းထားတဲ့ မေတ္တာကသာ အခိုင်လုံဆုံး၊ စိတ်အချရဆုံးပါ မိရယ်''

စားသောက်ပြီးကြတော့ ကိုခင်မောင်မြင့်တို့ အုပ်စုနှင့် ခင်နွယ်ညွန့်တို့က သူတို့ငှားနေမည့် အိမ်ခန်းလေးသို့ လိုက်လာကြသည်။ တစ်ယောက်နှင့်တစ်ယောက် နောက်ကြ၊ ပြောင်ကြနှင့် ပျော်ပျော်ပါးပါးပင်။ ညနေစောင်းတော့ ခင်နွယ်ညွန့်တို့ ပြန်သွားကြသည်။ ပြန်ခါနီးတွင် ခင်နွယ်ညွန့်က ပြောသွား၏။

''မိက သိပ်သတ္တိကောင်းတာပဲနော်'' တဲ့။

ကိုခင်မောင်မြင့်တို့ကတော့ နေရစ်ခဲ့သည်။ မှောင်စပျိုးလာသောအခါ ကိုခင်မောင်မြင့်က–

''ကဲ...ကိုမြတ်ထွန်းရေ၊ ကျွန်တော်တို့ကတော့ လွယ်လွယ်ကူကူနဲ့ နှင်ထုတ်လို့ရမယ့် ကောင်တွေ မဟုတ်ဘူးနော်''

ဟု ပြောသည်။ ကိုမြတ်ထွန်းက–

''ကျွန်တော်ကလည်း သိပါတယ်ဗျာ။ ဒါကြောင့် အဆင်သင့် ဝယ်ထားပါတယ်''

ဆိုပြီး ရမ်ပုလင်းကို ထုတ်ပေးသည်။

''ဟာ...ဒါကြောင့်လည်း ကိုမြတ်ထွန်းကို လေးစားနေရတာပဲဗျ''

ကိုမောင်မောင်ကြီးက ပြောလိုက်သည်။ ကိုစိန်မြင့်က–

''ကဲ... ဒါဆိုလည်း အမြည်းလေး ဘာလေး စီစဉ်ရအောင်''

ကိုမြတ်ထွန်း ထမည်အပြု ကိုခင်မောင်မြင့်က လက်ဆွဲထားပြီး–

''နေပါစေ ကိုမြတ်ထွန်း၊ ကျွန်တော်တို့ သွားဝယ်မယ်''

''မဟုတ်တာဗျာ၊ ကျွန်တော်က အိမ်ရှင်ပဲဟာ''

''ညားခါစမှာ ချွဲချွဲတာတာ နေမှပေါ့ဗျ၊ မလုပ်နဲ့''

ဆိုပြီး ထွက်သွားကြသည်။ နှစ်ယောက်တည်း ကျန်ခဲ့သောအခါ မခင်မိက–

''ကိုမြတ်ထွန်း သောက်မလို့လားဟင်''

မေးသည်။

''နည်းနည်းပါးပါးပါ၊ ဘာလဲ မသောက်စေချင်ဘူးလား၊ ကိုယ်က

mgyoe.com

မသောက်ဘူးဆိုရင်လည်း ဟိုလူတွေက အတင်းတိုက်ကြမှာပဲ၊ စိတ်ချပါ၊ မလွန်စေရပါဘူး”

မခင်မိက ဘာမျှ ပြန်မပြောတော့။

ကိုခင်မောင်မြင့်တို့ ပြန်ရောက်လာသည်။ ဆော်ဒါ၊ ရေခဲ၊ အစိမ်းကြော်၊ ဘဲကင် စသည်တို့ ဝယ်လာသည်။ မခင်မိအတွက် ခေါက်ဆွဲကြော်တစ်ထုပ် ဝယ်လာခဲ့၏။

မခင်မိက ခေါက်ဆွဲကြော်ထုပ်ကိုယူပြီး မီးဖိုခန်းထဲမှာ သွားစားသည်။ ပြီးတော့ အပြင်မထွက်တော့ဘဲ မီးဖိုထဲမှာပင် ထိုင်နေလိုက်သည်။ ခဏ ကြာတော့-

“မိရေ…လာပါဦး”

ဟု ခေါ်လိုက်သော ကိုမြတ်ထွန်းအသံကို ကြားရသည်။ မခင်မိ အခန်းပြင် ထွက်လာခဲ့သည်။

“ထိုင်ပါဦး မိရဲ့၊ ဧည့်သည်တွေကို စကားလေးဘာလေး ပြောပါဦး”

ကိုမြတ်ထွန်းဘေးမှာ သူ ဝင်ထိုင်သည်။ ကိုမြတ်ထွန်းတို့ လေးယောက်စလုံး မျက်နှာတွေ နီစပြုနေပြီ။ နှုတ်သွက်၊ လျှာသွက်လည်း ဖြစ်နေကြပြီ။ သူတို့သည် စကားပြောလျှင် လိုအပ်သည်ထက် အသံကို ပို၍ ကျယ်အောင် ပြောနေကြသည်။ သူတို့ထဲမှာ ကိုမြတ်ထွန်းက ဣန္ဒြေ အဆည်နိုင်ဆုံး ဖြစ်သည်။

“တကယ်ပါဗျာ၊ မခင်မိရဲ့ စိတ်ဓာတ်ကိုတော့ ကျွန်တော်တို့ သိပ်ချီးကျူးပါတယ်။ ဆင်စွယ်ရဲတိုက်နဲ့ နေနိုင်တဲ့ အထက်တန်းလွှာ လောကကနေ လမ်းပေါ်က အခြေခံလူတန်းစားထဲကို ဆင်းလာရဲတဲ့ သတ္တိကို သိပ်လေးစားတယ်ဗျာ”

ဟု ကိုခင်မောင်မြင့်က ပြောသည်။ ကိုမောင်မောင်ကြီးတို့၊ ကိုစိန်မြင့်တို့ကလည်း စွန့်စားရဲသူ၊ ဘဝကို သူညက ပြန်လည်စတင်ဝံ့သူ စသည်ဖြင့် ချီးကျူးကြ၏။ သူတို့ပြောသော တချို့စကားလုံးတွေကို မခင်မိ နားမလည်ချေ။ သို့ရာတွင် ပြုံးနေလိုက်ရသည်။

နောက်တော့ ကိုမြတ်ထွန်းနှင့် သူ့ကိုဝိုင်းပြီး နောက်ပြောင်ကြသည်။ တချို့ စကားတွေက သေသေချာချာ တွေးကြည့်လျှင် နည်းနည်းရှက်စရာ ကောင်းသည်။ ကြာတော့ သူတို့ဝိုင်းမှာ ထိုင်နေရတာ ငြီးစီစီ ဖြစ်လာသည်။

mgyoe.com

ဆေးလိပ်မီးခိုးတွေ၊ အရက်နံ့တွေ ရှူရှိုက်ရင်း မူးဝေသလို ဖြစ်လာ၏။ ထို့ကြောင့်-

"ကျွန်မ ခေါင်းထဲက နောက်တောက်တောက် ဖြစ်နေလို့"

ဟု အကြောင်းပြပြီး အိမ်ခန်းထဲ ဝင်ခဲ့သည်။

သူသည် ယောကျ်ားများ အရက်သောက်ကြသည်ကို ခုတစ်ခါ ပထမဆုံးအကြိမ် နီးနီးကပ်ကပ် မြင်ဖူးခြင်းပင် ဖြစ်သည်။ အရက်ဝိုင်းတွေမှာ စကားများပြီး ရန်ဖြစ်တတ်ကြသည်ဟု ကြားဖူးသည်။ ထပြီး ထိုးကြ ကြိတ်ကြ တောင် ဖြစ်တတ်သတဲ့။

အိမ်ရှေ့ခန်းကို နားစွင့်မိသည်။ စကား ကျယ်ကျယ်လောင်လောင် ပြောကြသည်ကလွဲ၍ ငြင်းခုံသံ မကြားရ။

တစ်ခု သတိရမိပြန်သည်။ ယောကျ်ားတွေ အရက်သောက်လာလျှင် မိန်းမကို ရိုက်တတ်သတဲ့။ ကိုမြတ်ထွန်းက အရက်တွေမူးပြီး မိမိကို ရိုက်လေမလား။ ဤသို့ တွေးမိသောအခါ သူ ကြောက်သွားလေသည်။ ထို့ကြောင့် အခန်းတံခါးကို အတွင်းထဲက ကန့်လန့် ထိုးထားလိုက်မိသည်။ ပြီးတော့ အိပ်ရာပေါ်မှာ လှဲလိုက်သည်။ အပြင်က စကားသံတွေကိုတော့ တစ်ချက် တစ်ချက် နားစွင့်မိ၏။

"ကျွန်တော်တော့ တော်ပြီဗျာ၊ သိပ်များလို့ မကောင်းဘူး"

ကိုမြတ်ထွန်း၏ အသံ။

"ရပါသေးတယ်ဗျ၊ လုပ်စမ်းပါ၊ ရဲဆေးတင်တဲ့ သဘောပေါ့၊ ဒါမှ ဟဲဟဲ"

"တိုးတိုးပြောပါဗျာ၊ သူ ရှက်နေဦးမယ်"

မှေးခနဲ အိပ်ပျော်သွားသည်။ သူ့နာမည် ခေါ်သံလိုလို ကြားရသည်။ အိပ်မက်လိုလို၊ တကယ်လိုလို။

"မိရေ…တံခါးဖွင့်ပါဦး"

သူ နိုးလာသည်။ အခန်းတံခါး ပိတ်ထားမိကြောင်း သတိရသည်။ စောစောက သတိ မထားမိခဲ့။ ခုမှ သူ အိပ်နေခဲ့တာ နှစ်ယောက်အိပ် ခုတင်ပါလားဟု သတိထားမိပြီး ရင်ဖိုသွားသည်။

တံခါးကို ခပ်ဖွဖွ ခေါက်လိုက်သောအသံ ကြားရပြန်သည်။ သူသည် တံခါးနားသို့ လျှောက်သွားသည်။ ကန့်လန့်ဆီသို့ လက်လှမ်းပြီးမှ မဖွင့်ရဲ။

"မိရေ… "

mgyoe.com

ကိုမြတ်ထွန်းက ခေါ်ပြန်သည်။ သူ တံခါးကန့်လန့်ကို အသံမမြည်အောင် ဆွဲလိုက်သည်။ တံခါးကို ဟရုံလောက် ဖွင့်ပေးလိုက်သည်။ ကိုမြတ်ထွန်းတံခါးကို တွန်းဖွင့်ပြီး အခန်းထဲ ဝင်လာသည်။

"ဘာဖြစ်လို့ တံခါး ပိတ်ထားရတာလဲ မိရယ်"

သူက ဘာမျှ ပြန်မပြော။ ကိုမြတ်ထွန်းကိုလည်း မကြည့်ရဲ။ ခေါင်းငုံ့ထားသည်။

"မိက ကိုယ့်ကို ကြောက်နေလို့လား"

ကိုမြတ်ထွန်းဆီက အရက်နံ့စူးစူးရှရှက ဝေ့ဝဲလာသည်။ သူ ဝမ်းနည်းလာ၏။ မျက်ရည်တွေ အလိုလိုဝဲလာသည်။

"ဟင်… မိ ငိုနေတယ် ဟုတ်လား"

ကိုမြတ်ထွန်းက သူ့လက်မောင်းနှစ်ဖက်ကို ဆုပ်ကိုင်လိုက်သည်။ သူ ဆတ်ခနဲ တုန်သွားသည်။

"ကိုယ် အရက်သောက်လာလို့ မိက ကြောက်နေတာလားဟင်၊ အင်းလေ တကယ်တော့ ကိုယ်ကလည်း မိကို ကြောက်နေတာပါပဲ"

ဟုပြောပြီး သူ့ကို ရင်ခွင်ထဲ ဆွဲသွင်းလိုက်သည်။ ကိုမြတ်ထွန်း၏ ရင်ကို မျက်နှာအပ်ထားသည်။ မျက်ရည်တွေက ရှပ်အင်္ကျီမှာ စိုကုန်သည်။

ဘဝလမ်းခရီးတွင် တစ်ဆစ်ချိုး အကွေ့တစ်ခုပင်တည်း။

mgyoe.com

mgyoe.com SAMPLE BOOK

အဖေ့ဆီ စာတစ်စောင် ရေးလိုက်သည်။ စာထဲတွင် သိပ်များများစားစား ရေးမထားချေ။ ကိုမြတ်ထွန်းနှင့် လက်ထပ်လိုက်ပြီဖြစ်ကြောင်း၊ အဖေ့ဆန္ဒကို ဆန့်ကျင်မိသည့်အတွက် ခွင့်လွှတ်စေလိုကြောင်း၊ အဖေက ခွင့်မလွှတ်ဘဲ အပြစ်ပေးလျှင်လည်း ခံမည်ဖြစ်ကြောင်းလောက်သာ ရေးထားသည်။

အဖေ့ဆီက ဘာစာမျှ ပြန်မလာခဲ့ချေ။ အဖေ လုံးဝခွင့်မလွှတ်ကြောင်း သိလိုက်သည်။ အမေသာရှိလျှင် မိမိ ခုလို လုပ်ဖြစ်ချင်မှ လုပ်ဖြစ်လိမ့်မည်ဟု တွေးမိသည်။ လုပ်ဖြစ်ခဲ့လျှင်လည်း အမေသာဆိုလျှင် ခွင့်လွှတ်လိမ့်မည် ထင်သည်။ ခုတော့ အားလုံး ပြီးဆုံးသွားခဲ့ပြီ။ အဖေ့ ပစ္စည်းဥစ္စာများကို မမက်မောသော်လည်း အဖေ့ကို လက်လွှတ် ဆုံးရှုံးရသည့်အတွက်တော့ ဝမ်းနည်းမိသည်။ သို့ရာတွင် ကိုယ့်လမ်းကိုယ် ရွေးခဲ့ပြီးပြီပဲ။ အရာရာကို ရင်ဆိုင်၍ ဆက်လျှောက်ဖို့သာ ရှိတော့သည်။

ကိုမြတ်ထွန်းကတော့ သူ့ကို တကယ်ကြင်နာပါသည်။ ကိုမြတ်ထွန်းနှင့် နေရသည်မှာ သိပ်ဆင်းဆင်းရဲရဲ ချို့ချို့တဲ့တဲ့ မဟုတ်သည့်တိုင် အရင်ကနှင့် အများကြီးကွာတာတော့ အမှန်ပင်။ ဒါကိုသိသော ကိုမြတ်ထွန်းက သူ့ကို အရိပ်တကြည့်ကြည့် နေတတ်လေသည်။

သူတို့ငှားနေသော အိမ်ခန်းကလေးက ကိုးပေ၊ နှစ်ဆယ့်ခုနစ်ပေသာ ရှိသည်။ သို့ရာတွင် မခင်မိအဖို့ ကျဉ်းကျပ်သည်ဟု မထင်မိချေ။ သူသည် ကျောင်းသူဘဝ သက်တမ်းတစ်လျှောက်လုံးလိုလို အဆောင်မှာ နေခဲ့သူသာ

mgyoe.com

mgyoe.com SAMPLE BOOK

ဖြစ်သည်။ ထို့ကြောင့် အခန်းကျဉ်းများသည် သူ့အဖို့ သိပ်မဆန်းတော့။ ပြီးတော့လည်း မိထွေး၏ မျက်နှာရိပ် မျက်နှာကဲကို ကြည့်ပြီးနေရသော နှစ်ထပ်တိုက်ကြီးနှင့်စာလျှင် ကိုယ့်လက် ကိုယ့်ခြေ၊ ကိုယ်ပိုင်ဆိုင်သော ဒီအိမ်ခန်းကျဉ်းကလေးက ပို၍ အနေချောင်သည်ဟု ထင်မိလေ၏။

ကိုမြတ်ထွန်းကို ဂျာနယ်တိုက်က လခ နှစ်ရာငါးဆယ် ပေးထားသည်။ တစ်ခါတစ်ရံ ဆောင်းပါးရေးခ နှစ်ဆယ်၊ အစိတ် ပိုရတတ်သည်။ ကိုမြတ်ထွန်းက သူ့ကို လစဉ် ငွေနှစ်ရာအပ်သည်။ အိမ်စရိတ်က တစ်လ တစ်ရာငါးဆယ်ထက် ပိုမကုန်။ လောက်လောက်ငငရှိသည်ဟု ဆိုနိုင်သည်။

မခင်မိသည် ကျောင်းက အဆောင်တွေမှာ လှည့်နေခဲ့ရသူ ဖြစ်သဖြင့် ထမင်းဟင်း မချက်တတ်ချေ။ ထို့ကြောင့် အစပိုင်းတွင် ထမင်းချိုင့် မှာစား ရသည်။ ကြာတော့ ဆိုင်ချက် ထမင်းဟင်းကို ငြီးငွေ့လာသည်။

ဒီကြားထဲမှာ သူက ထမင်းဟင်း ချက်တတ်အောင် ကြိုးစား၍ သင်သည်။ နောက်ပိုင်းကျတော့ သူ့ဘာသာပင် ချက်သည်။ ချက်ခါစတော့ အဆင်မပြေ ဖြစ်ရလေသည်။

မီးဖိုခန်းကို စနစ်တကျ မပြင်ဆင်တတ်။ ထမင်းက ပျော့ချင်သည့် အခါပျော့ပြီး မာချင်သည့်အခါ မာနေသည်။ ဟင်းတွေက အစပ်အဟပ်မတည့်။ လက်အမှန်းအဆ မကျွမ်းကျင်သေးသဖြင့် ပေါ့သည့်အခါ ပေါ့၊ ငန်သည့်အခါ ငန်နေသည်။ ချဉ်ရည်ဟင်းချက်လျှင် ချဉ်စုတ်စုတ် ဖြစ်နေသည်။ တစ်ခါ တလေ ဟင်းက အကျက်လွန်ပြီး တူးနံ့ထွက်ချင် ထွက်နေသည်။

ကိုမြတ်ထွန်းကတော့ သူချက်သော ထမင်းဟင်းနှင့် ပတ်သက်၍ တစ်ခါမျှ အပြစ်မပြောခဲ့ဖူးချေ။ ထမင်းဝိုင်းတွင် "စားလို့ကောင်းရဲ့လား၊ ဘာလိုသေးလဲ" လို့ ထုံးစံအတိုင်း မေးရသော်လည်း ကိုယ့်လက်ရာ ကိုယ် သိသဖြင့် မျက်နှာမထားတတ်အောင် ဖြစ်နေရသည်ကို ကိုမြတ်ထွန်းက-

"စားလို့ ကောင်းပါတယ်၊ ဘာမှ မလိုပါဘူး"ဟု အမြဲ ပြန်ပြော တတ်သည်။

"မိ သိပါတယ် ကိုမြတ်ထွန်းရယ်၊ မိ ချက်တဲ့ဟင်းတွေက မကောင်း ပါဘူး"

"ဒီလိုပေါ့ မိရယ်၊ အလုပ်တစ်ခုဆိုတာ ကိုယ်မကျွမ်းကျင်သေး ခင်တော့ နည်းနည်း အဆင်မပြေဖြစ်တာပေါ့၊ တဖြည်းဖြည်း ကျွမ်းကျင်

mgyoe.com

mgyoe.com SAMPLE BOOK

လာမှာပဲ၊ ဘာပဲဖြစ်ဖြစ် ကိုယ်ကတော့ ကိုယ့်မိန်းမ ကိုယ်တိုင်ချက်တဲ့ ထမင်းဟင်းကို စားရတာ ဟိုတယ်က အတော်ဆုံး စားဖိုမှူးကြီးတွေရဲ့ လက်ရာကို စားရတာထက် ပိုပြီး ခံတွင်းတွေ့တယ်"

ကိုမြတ်ထွန်းက ခပ်ပြုံးပြုံး ပြောသည်။ ထိုစဉ်က အမှန်ပင် ပျော်စရာ ကောင်းခဲ့လေသည်။

✦✦✦

ပျော်ရွှင်ကြည်နူးမှုဆိုသည်မှာ လက်ငင်းကြုံတွေ့ရသောအခိုက်တွင် သိပ်မသိသာလိုက်ဘဲ နောင်တစ်ချိန် ထိုအကြောင်း ပြန်စဉ်းစားကြည့်သော အခါကျမှ ဟိုတုန်းက ပျော်ခဲ့ပါလားဟု သိရခြင်းမျိုးဖြစ်သည်။

ဝမ်းနည်းစရာ၊ နာကြည်းစရာများကတော့ လတ်တလော ဖြစ်ပျက်နေသော အခိုက်အတန့်မှာလည်း တကယ် ထိခိုက်နာကျင်ရပြီး နောင် တစ်ချိန် ပြန်လည် သတိရသည့်အခါတိုင်းမှာလည်း တမြည့်မြည့် ခံစားရလေသည်။

mgyoe.com

mgyoe.com SAMPLE BOOK

ဒေါ်ခင်မိသည် သမီး ငယ်ငယ်က ဆွဲထားသော ကိုမြတ်ထွန်းပုံကို အံဆွဲထဲ ပြန်ထည့်လိုက်သည်။

ဖြစ်နိုင်လျှင် ကိုမြတ်ထွန်းအကြောင်းကို ပြန်မတွေးချင်။ သူနှင့် ပတ်သက်၍ သတိရစရာ သက်သေခံ ပစ္စည်းမှန်သမျှ မကြည့်ချင်၊ မမြင်ချင်။ ဖျောက်ဖျက်ပစ်လိုက်ချင်သည်။

သို့ရာတွင် မဖြစ်နိုင်ချေ။ အမှန်တကယ် ဖြစ်ပျက်ခဲ့သည့် အဖြစ်အပျက်တစ်ခုကို ဘယ်ကဲ့သို့ မေ့ဖျောက်ပစ်လို့ ရမည်နည်း။ ထိုအကြောင်းအရာကို မှတ်သားထားသည့် ဦးနှောက်၏ အစိတ်အပိုင်းကို လှီးဖြတ်ထုတ်ပစ်မှသာ မေ့ကောင်း မေ့နိုင်လိမ့်မည်။ ပြီးတော့လည်း ကိုမြတ်ထွန်းနှင့် ပတ်သက်၍ ဘယ်လိုမျှ ဖျောက်ဖျက်မရသော သက်သေခံတစ်ခုလည်း ရှိနေသည်။ သမီးပင် ဖြစ်၏။

သူ သက်ပြင်းချလိုက်သည်။ စားပွဲပေါ်က နာရီကို လှမ်းကြည့်သည်။ လေးနာရီ ထိုးပြီးပြီ။ သမီး ပြန်လာခါနီးပြီ။ သူသည် သမီးအခန်းထဲမှ ပြန်ထွက်လာခဲ့သည်။ မီးဖိုခန်း ဖြတ်အလျှောက်တွင် ပန်းကန်တွေဆေးနေသော မကောကို မြင်သည်။

"ဟဲ့… မကော၊ ဒေါ်ဒေါ်ကော"

"အဘွားလေး အိမ်ရှေ့မှာ ဒေါ်လေးမိ"

"ငါးရံခြောက် ဖုတ်ပြီးပြီလား"

mgyoe.com

"မပြီးသေးဘူး ဒေါ်လေးမိ"

"ခက်တာပဲ"

ဆိုပြီး အိမ်ရှေ့သို့ ခပ်သုတ်သုတ် လျှောက်လာသည်။ ဧည့်ခန်းထဲမှာ ဒေါ်မြရွှေက တရားစာအုပ် တစ်အုပ် ဖတ်နေသည်။

"ဒေါ်ဒေါ်ကလည်း ငါးရံ့ခြောက် ဖုတ်ထားပါဆိုတာ ဘာလို့ မဖုတ်သေးတာလဲ၊ သမီးက ပြန်လာခါနီးပြီ"

ဒေါ်မြရွှေက ခပ်အေးအေးပင်။

"ဖုတ်မှာပေါ့ဟဲ့၊ အစောကြီး ရှိသေးတယ်"

"ဘယ်မှာ စောရမှာလဲ၊ လေးနာရီခွဲတော့မယ်၊ သမီး ပြန်လာရင် အဆင်သင့် စားရအောင်လို့"

"အေးပါ ညည်းသမီးက ပြန်ပြန်လာချင်း စားမှာ မဟုတ်သေးပါဘူး၊ ရေချိုးဦးမှာပါ၊ သူ ရေချိုးနေတုန်း ဖုတ်လိုက်လည်း ရသားပဲ"

"ဒေါ်ဒေါ်တို့က အဲဒါ ခက်တာ၊ တော်ကြာ သမီးက ရောက်ရောက်ချင်း စားချင်တယ်ဆို ဘယ်လိုလုပ်မလဲ၊ သမီး ကြိုက်တတ်မှန်းသိလို့ တောသည်တွေဆီက ဈေးကြီးပေးပြီး တကူးတက မှာထားရတဲ့ဟာ"

ဒေါ်မြရွှေက တရားစာအုပ်ကို စားပွဲပေါ်တင်လိုက်ပြီး-

"တကတဲအေ ဖြစ်နေလိုက်တာ၊ ညည်းက သမီးတော်သလို ငါလည်း မြေးတော်တာပါပဲဟဲ့၊ ငါ့မြေးကို ငါကလည်း ဂရုစိုက်တာပါပဲ၊ ဒီအိမ်မှာ ချက်ရေးပြုတ်ရေးကို ငါပဲ တာဝန်ယူလာတာ နှစ်ပေါင်း မနည်းတော့ပါဘူး၊ ဘယ်အချိန် ဘာလုပ်ရမယ်ဆိုတာ ငါသိတယ်"

ဒေါ်မြရွှေ နည်းနည်း စိတ်တိုသွားမှန်း သိသဖြင့် ဒေါ်ခင်မိ ပြုံးလိုက်ပြီး-

"ဟုတ်ပါတယ် ဒေါ်ဒေါ်ရယ်၊ နိမို့ဆို ကျွန်မဘာသာ လုပ်လိုက်ပါတယ်၊ ငါးရံ့ခြောက်ဖုတ်တာက ဒေါ်ဒေါ်ဖုတ်မှ ဌာန်ကရိုဏ်းကျတာမို့လို့"

"ကဲပါ ကျုပ် ခုပဲ လုပ်လိုက်ပါ့မယ်၊ တကတည်း တရားစာအုပ် ဖတ်တာ အေးအေး မဖတ်ရဘူး၊ ညည်းတို့ သားအမိနဲ့ နေသမျှတော့ ဘယ်တော့မှလဲ တရားရမှာ မဟုတ်ပါဘူး"

ဒေါ်မြရွှေက တဖျစ်တောက်တောက် ပြောရင်း ထရပ်လိုက်သည်။

ဒေါ်ခင်မိက-

mgyoe.com

mgyoe.com SAMPLE BOOK

"ငါ့ရဲ့ခြောက်ဖုတ်ရင် လျှပ်စစ်မီးနဲ့ မဖုတ်နဲ့နော်၊ မီးသွေးနဲ့ဖုတ် သိလား ဒေါ်ဒေါ်"

"ငါ နားလည်တယ်ဟဲ့"

ဒေါ်မြရွှေက မျက်စောင်းတစ်ချက် ထိုးပြီး ထွက်သွားသည်။ ဒေါ်ခင်မိ ပြုံးပြီး-

"ဆီရွှဲရွဲလေး ဆမ်းနော် ဒေါ်ဒေါ်"

ဟု လှမ်းအော်လိုက်သေးသည်။ ဒေါ်မြရွှေ တစ်စုံတစ်ခု ရေရွတ် သွားး၏။

mgyoe.com

mgyoe.com SAMPLE BOOK

သမီးက စကားနည်းသည်။ ဘာသိဘာသာ နေတတ်သည်။ မာနကြီးတာတော့ မဟုတ်။ တစ်ယောက်တည်း သီးသန့်အေးအေးဆေးဆေး နေလိုခြင်းဖြစ်သည်။ သမီးမှာ အပေါင်းအသင်း သူငယ်ချင်းလည်း များများစားစား မရှိ။ တခြား မိန်းကလေးတွေလို အဝတ်အစား၊ အလှအပတို့၌ ခုံမင်ခြင်း မရှိချေ။ ရုပ်ရှင်တွေ ဘာတွေလည်း သိပ်ကြည့်လေ့ မရှိ။ ရုပ်မြင်သံကြား အစီစဉ်တွင် သတင်းကြေညာသည့် အချိန်တွင်သာ ပုံမှန်ကြည့်လေ့ ရှိသည်။ တခြား အစီအစဉ်များကို တစ်ခါတစ်ရံမှသာ ကြည့်သည်။

သမီးသည် စာတော့ တော်တော်ဖတ်သည်။ လူအများနှင့် ကင်းကွာသည်တော့မဟုတ်။ တစ်ခါတစ်ရံ အဝတ်လျှော်သည့် ဆော်လီမား၏ မိသားစုစားဝတ်နေရေး အခြေအနေကို စိတ်ဝင်တစား မေးချင် မေးတတ်သည်။ တစ်ခါတလေ ဒရိုင်ဘာ ဦးဝင်းမြင့် နေမကောင်း ဖြစ်သည်ကို ကိုယ်တိုင် ဆေးခန်းလိုက်ပို့ပြီး ပြုစုချင် ပြုစုတတ်သည်။

ဘာပဲဖြစ်ဖြစ် သမီးသည် တခြားမိန်းကလေးနှင့် မတူ။ ထူးခြားသည်တော့ အမှန်ပင်။

သမီး ကျောင်းက ပြန်လာလျှင် ရေချိုး၊ ထမင်းစားသည်။ ပြီးတော့ ပန်းခြံထဲမှာ လမ်းလျှောက်သည်။ ဒေါ်ခင်မိနှင့် လည်းကောင်း၊ ဒေါ်မြရွှေနှင့် လည်းကောင်း ခဏတစ်ဖြုတ် စကားပြောသည်။ ရုပ်မြင်သံကြား ကြည့်သည်။

mgyoe.com

mgyoe.com SAMPLE BOOK

ဂြိုဟ်တုသတင်း ပြီးလျှင် သူ့အခန်းကလေးထဲ ဝင်သွားပြီး စာရေး၊ စာဖတ်ကာ နေတော့သည်။

ဒီနေ့ သမီး ကျောင်းပြန် နည်းနည်းနောက်ကျသည်။ ထမင်းစားပြီး ပန်းခြံထဲ လမ်းလျှောက်ထွက်တော့ ညနေတောင် တော်တော်စောင်းပြီ။

ရာသီဥတုက နည်းနည်း ချမ်းစိမ့်စိမ့် ဖြစ်နေသည်။ သမီးက ရှံသားအင်္ကျီ လက်ပြတ်ကလေးသာ ဝတ်သွားကြောင်း သတိပြုလိုက်မိသည်။ ထို့ကြောင့် ဒေါ်ခင်မိသည် သိုးမွေးဆွယ်တာကလေးကို ယူပြီး ပန်းခြံထဲ လိုက်သွားသည်။

ပန်းခြံက အိမ်ဘေးမှာ ရှိသည်။ သမီး၏ အခန်းပြတင်းပေါက်မှ ကြည့်လိုက်လျှင် ပန်းခြံကို မြင်နိုင်အောင် ပြုလုပ်ထားခြင်း ဖြစ်သည်။ ပန်းခြံထဲတွင် သာယာသော မြင်ကွင်းဖြစ်အောင် ဖန်တီးထားသည်။

အမြဲ စိမ်းလန်းအောင် ပြုပြင်ထားသော မြက်ခင်းကို အုတ်ခဲများ စီ၍ ဘောင်ခတ်ထားသည်။ အုတ်ခဲ နှစ်တန်းကြားတွင် ရွက်လှအပင်ပု အရောင်မျိုးစုံတို့က တစ်ကန့်၊ မောနင်းပန်း တစ်ကန့် စိုက်ထားသည်။ ပန်းခြံအတွင်း လမ်းလျှောက်လို့ ကောင်းစေရန် လမ်းသွယ်ကလေးတွေ ဖောက်ထား၏။ လမ်းဘေး တစ်ဖက်တစ်ချက်တွင် ပန်းအိုးတွေ စီချထားသည်။ စံပယ်ရုံ၊ ဇီဇဝါ၊ ပိန်းကျား၊ ရွက်လှ စသည်တို့ကိုလည်း အဆင်ပြေအောင် စိုက်ထားသည်။ အရိပ်လည်းရ အပွင့်လည်း ပွင့်သည့် စွယ်တော်၊ ပျဉ်းမ၊ ကံ့ကော်၊ တရုတ်စံကားပင်တို့လည်း ရှိသည်။

ပန်းခြံ၏ မျက်နှာစာတစ်ဖက်တွင် ပင်လယ်ကဗွီးပင်တွေကို လုံးလုံး ဝိုင်းဝိုင်းဖြစ်အောင် ပုံသွင်း၍ တိဖြတ်ပြီး အတန်းလိုက် စိုက်သည်။ သစ်ပင့်တိုင်း မှာ သစ်ခွပန်းမျိုးစုံကို ချိတ်ဆွဲထားသည်။

ဤသို့ဖြင့် ပန်းခြံထဲတွင် သုံးရာသီစလုံး ပန်းတွေ မပြတ်ပွင့်နေအောင် စီမံထားလေသည်။ သို့ရာတွင် သမီးကတော့ ပန်းတစ်ပွင့်တလေကိုတောင် တစ်ခါမျှ ခူးပြီး မပန်ခဲ့ဖူးချေ။

သမီးကို တရုတ်စံကားပင်အောက်မှာ တွေ့ရသည်။ သမီးသည် ပန်းခြံထောင့်က ယူကလစ်ပင်ကြီးကို ငေးကြည့်နေသည်။ တစ်ခုခုများ တွေးနေသလား မသိ။ ကဗျာစပ်ဖို့ စိတ်ကူးနေတာလည်း ဖြစ်ချင် ဖြစ်မည်။

mgyoe.com

mgyoe.com SAMPLE BOOK

အနှောင့်အယှက် မပေးလိုသဖြင့် မခေါ်သေးဘဲ နေလိုက်သည်။ သမီးက အတော်ကြာအောင် ဆက်ငေးနေပြီးမှ ဒီဘက်အလှည့်တွင် သူ့ကို မြင်သွားသည်။

"ဩော်… မေမေ"

"မေမေ ရောက်နေတာကြာပြီ၊ သမီးများ တစ်ခုခု တွေးနေသလားလို့ မခေါ်ဘဲနေတာ"

"ကန့်စွန်းနွယ်ပင်ကလေးကို ကြည့်နေတာပါ"

ဆိုပြီး ယူကလစ်ပင်ကြီးကို နွယ်ပတ်နေသော ကန့်စွန်းနွယ်ပင်များကို တချက် လှမ်းကြည့်သည်။

"ဟုတ်တယ် မေမေရဲ့၊ ဂျပန် ဟိုက္ကူကဗျာတွေ ဖတ်ပြီးကတည်းက ကန့်စွန်းနွယ်ပွင့်ကို စိတ်ဝင်စားနေတာ၊ အရင်က ဒီပန်းခြံထဲမှာ မရှိဘူးနော်၊ အခုမှ ဘယ်က ရောက်လာတာလဲ မသိဘူး၊ ကဗျာထဲမှာ ပါတယ်လေ-

*'ပန်းလှကန့်စွန်းနွယ်၊ ရေငင်ပုံးကြိုး သူကပ်တွယ်၊ ရေကိုတောင်းယူတယ်' တဲ့"*

"မေမေတော့ နားမလည်ပါဘူး သမီးရယ်"

"ဒီလိုလေ၊ နံနက်စောစောမှာ မိန်းကလေးတစ်ယောက်က ရေခပ်ဖို့ သွားတယ်၊ ရေတွင်းရောက်တော့ ကန့်စွန်းနွယ်ပင်ကလေး တစ်ပင် တွယ်တက်နေတာ တွေ့ရတယ်၊ ရေခပ်ဖို့ ရေပုံးကြိုးကို ဆွဲလိုက်ရင် ကန့်စွန်းနွယ်ပင် ပြတ်ထွက်သွားမှာစိုးလို့ ရေမခပ်တော့ဘဲ တခြားအိမ် တစ်အိမ်ကပဲ ရေတောင်း ယူလိုက်တယ်တဲ့"

"သမီးရယ် ကန့်စွန်းနွယ်ဆိုတာ အလေ့ကျပေါက်တဲ့ ပန်းပါ၊ ဒီပန်းခြံထဲမှာ အဖိုးတန်ပန်းတွေ အများကြီးရှိပါတယ်၊ နှင်းဆီ၊ စံပယ်၊ အာဖရိကန်ဒေစီ၊ သစ်ခွဆိုလည်း ကတ်တီးလီးယား၊ ဗင်ဒါ၊ ဒန့်စင်းလေဒီ၊ စပိုက်ဒါ"

"မတူဘူး မေမေ၊ အမှန်ပဲ၊ တမင်အလှစိုက်ထားတဲ့ ပန်းပင်တွေက သူတို့ ပေါက်ချင်တဲ့နေရာမှာ ပေါက်ခွင့် မရှိဘူး၊ လူက စိုက်တဲ့နေရာမှာပဲ ပေါက်ရတယ်၊ သူတို့ အပွင့် ပွင့်ပုံကလည်း လူတွေရဲ့ အလိုကျ စနစ်တကျ ရှိလွန်းလှတယ်လို့ ထင်ရတယ်၊ အလေ့ကျပေါက်တဲ့ ပန်းပင်တွေကျတော့

mgyoe.com

သူတို့ ပေါက်ချင်တဲ့နေရာမှာ ပေါက်ချင်တဲ့ ပုံစံနဲ့ ပေါက်ကြတယ်၊ သူတို့ ပွင့်ပုံကလည်း လွတ်လွတ်လပ်လပ်နဲ့၊ တစ်ခုတော့ ရှိတာပေါ့လေ ရေလောင်းမယ့်သူ၊ မြေသြဇာကျွေးမယ့်သူ၊ ပေါင်းသင်ပေးမယ့်သူတော့ မရှိဘူးပေါ့၊ အဲဒီလို တခြားအပင်တွေနဲ့ ပြိုင်ဆိုင်ရုန်းကန်ပြီး ပွင့်ရတာကိုက သဘာဝကျတဲ့အလှလို့ သမီး ထင်တယ်''

သမီးသည် တစ်ခါတလေ ခုလို စိတ်ကူးဆန်းဆန်းတွေ ရတတ်သည်။ စကားဆန်းဆန်းတွေ ပြောတတ်သည်။ တစ်ယောက်သော သူသည်လည်း ခုလိုပဲ ပြောတတ်ကြောင်း သတိရလိုက်၏။

''ကဲပါ သမီးရယ်၊ ဘယ်လိုပဲပေါက်ပေါက် ပန်းဆိုရင် လှတာချည်းပဲလို့ ထားလိုက်ပါတော့၊ ကဲ… ရော့၊ ဆွယ်တာလေး ဝတ်ထားလိုက်ဦးနော်၊ အပြင်က နည်းနည်းအေးတယ်''

''သိပ်မချမ်းပါဘူး မေမေရဲ့၊ တစ်ခါတလေ အအေးဒဏ်ခံကြည့်ရတာ ကောင်းပါတယ်''

''အိုကွယ် အနွေးထည်ရှိရက်နဲ့ အအေးခံရမယ်လို့၊ တော်ကြာ အအေးမိပြီး ဖျားနာနေပါဦးမယ်၊ စာမေးပွဲကလည်း သိပ်ဝေးတော့တာ မဟုတ်ဘူး၊ ကဲပါ ဝတ်လိုက်စမ်းပါ''

သမီးက ဆွယ်တာအင်္ကျီကို လှမ်းယူပြီး ပြုံးလိုက်သည်။ သမီးသည် နှုတ်ခမ်းကို အပေါ်သို့ မကွေးဘဲ တစ်ဖြောင့်တည်းဖြစ်အောင် ထားပြီး ခက်ခဲစွာ ပြုံးတတ်၏။ အမွေရထားသောအပြုံး ဖြစ်သည်။ ဒေါ်ခင်မိကတော့ ဤကဲ့သို့ မပြုံးတတ်ချေ။

မှန်သည်။ ကိုမြတ်ထွန်းသည် သမီးနှင့် တူ၏။ အမှန်တော့ ဤသို့ ပြောရသည်မှာ သိပ်တော့ သဘာဝ မကျလှချေ။ သမီးကိုသာ အဖေနှင့် တူသည်ဟု ပြောသင့်သည်။ အဖေက သမီးနှင့် တူသည်ဟု ပြောခြင်းသည် သိပ်မဆီလျော်လှချေ။ သို့ရာတွင် မိမိအဖို့တော့ သမီးသည်သာ ပဓာနဖြစ်၍ ဤသို့သာ ဆိုသင့်သည်ဟု ဒေါ်ခင်မိ ထင်သည်။

mgyoe.com

mgyoe.com SAMPLE BOOK

ကိုမြတ်ထွန်းသည် အိပ်ရာပေါ်မှာ ခေါင်းအုံးနှစ်လုံးကိုဆင့်၍ မှီထိုင်ရင်း ဆောင်းပါးစာမူတစ်ခုကို ဖတ်နေသည်။ မခင်မိ အခန်းထဲ ဝင်လာသည်။ ကိုမြတ်ထွန်း စာဖတ်တာ အနှောင့်အယှက် ဖြစ်မည်စိုး၍ ခုတင်ခြေရင်းနားမှာပင် အသာရပ်ရင်း စောင့်နေသည်။ ကိုမြတ်ထွန်းက စာထဲမှာသာ စိတ်ဝင်စားနေသည်။ ခဏနေတော့မှ စာမူကို အိပ်ရာပေါ်ချပြီး–

"တော်တော်ကောင်းတဲ့ ဆောင်းပါးပဲ"

ဟု သူ့ဘာသာသူ ပြောသလို ပြောလိုက်သည်။ မခင်မိ ခုတင်ပေါ် တင်ပါးလွှဲ ဝင်ထိုင်လိုက်တော့မှ သူ မြင်သည်။ သူက ပြုံးပြပြီး–

"ဂျာနယ်အတွက် ဆောင်းပါးကောင်းတစ်ပုဒ် ရပြန်ပြီ"

ဟု ပြောပြန်သည်။

"ကိုမြတ်ထွန်းကလည်း တစ်နေ့တစ်နေ့ အလုပ်အကြောင်းပဲ စဉ်းစားနေတာပဲနော်"

"စဉ်းစားရမှာပေါ့ မိရယ်၊ ဒါက ကိုယ့်ကို ထမင်းကျွေးထားတဲ့ အလုပ်ပဲဟာ၊ နောက်ပြီး ကိုယ် ဝါသနာပါတဲ့ အလုပ်လည်း ဖြစ်နေတယ် မဟုတ်လား"

"အလုပ်အကြောင်းလည်း စဉ်းစားတာ စဉ်းစားပေါ့၊ အိမ်အကြောင်း လည်း နည်းနည်းပါးပါး စဉ်းစားစမ်းပါဦး"

mgyoe.com

ကိုမြတ်ထွန်းက ခုတင်ဘေးရှိ စားပွဲဝိုင်းကလေးပေါ်မှ စီးကရက်ဘူးနှင့် မီးခြစ်ကို လှမ်းယူသည်။

"အိပ်ရာပေါ်မှာ ဆေးလိပ်မသောက်ပါနဲ့ဆိုတာ ဘယ်တော့မှ ပြောလို့မရဘူး"

ကိုမြတ်ထွန်းက ရယ်၍ စီးကရက်တစ်လိပ်ကို ထုတ်ပြီး မီးညှိနေသည်။ တစ်ဖွာ၊ နှစ်ဖွာ ဖွာသည်။

"အိပ်ရာထဲမှာ စီးကရက်နံ့တွေစွဲတော့ ဘယ်မှာ လေကောင်းလေသန့်ရတော့မှာလဲ၊ စီးကရက်ပြာတွေလည်း ကြမ်းပေါ် ခြွေချလိုချ"

"ကဲပါ မိရယ်၊ နောက်ကို ဆေးလိပ်ခွက်ထဲမှာပဲ ပြာခြွေပါ့မယ်၊ အင်း ... ဆိုစမ်းပါဦး၊ ခုနပြောတာ ကိုယ်က အိမ်အကြောင်း မစဉ်းစားဘူးဟုတ်လား"

"အင်းလေ"

"မစဉ်းစားဘူးရယ်တော့ မဟုတ်ပါဘူး၊ အလုပ်များလို့ပါ၊ ပြီးတော့ မိကိုလည်း ကိုယ်က ယုံတယ်လေ၊ မိက အိမ်ထောင်ကို ကောင်းကောင်းထိန်းသိမ်းနိုင်တာပဲဟာ၊ ဟုတ်တယ်၊ .မိက အချိန်တိုတိုတွင်းမှာ အရမ်းတိုးတက်လာတာပဲ၊ ခုပဲကြည့် မိဟာ ညားခါစတုန်းက အိမ်မှုကိစ္စ သိပ်မတတ်သေးတာ၊ ခုတော့ တော်ရုံတန်ရုံ မိန်းမက မိကို ဘယ်မီမလဲ"

"အဲဒီလောက်နဲ့ ဘယ်ပြီးဦးမလဲ၊ လင်မယားရယ်လို့ စကားလေးဘာလေး အေးအေးဆေးဆေး ပြောဖို့တောင် အချိန်မရဘူး၊ သူက အိမ်ပြန်သိပ်နောက်ကျတယ်၊ နေ့တိုင်းလိုပဲ"

"ဒါကတော့ကွယ် အခြေအနေအရပဲဟာ၊ ကိုယ်လည်း ကိုယ့်မိန်းမနားမှာ အမြဲနေချင်တာပါပဲ၊ ဒါပေမဲ့ ခုချိန်မှာ ဂျာနယ်တွေက အပြိုင်အဆိုင်ထွက်နေတော့ သိပ်ကြိုးစားနေရတယ်လေ၊ ဒါမှလည်း ကိုယ်တို့ဂျာနယ်တည်တံ့နေနိုင်မှာ မဟုတ်လား"

"ကဲ... အဲဒီလို အလုပ်ဘက်ကိုပဲ မဲနေလို့ အိမ်ကမိန်းမ ဘာတွေဖြစ်နေတယ်ဆိုတာ သူ မသိဘူး မဟုတ်လား"

"ဟင်... ဘာဖြစ်လို့လဲ၊ မိ ဘာဖြစ်လို့လဲ"

ကိုမြတ်ထွန်းက ပျာပျာသလဲ မေးသည်။ မခင်မိက ချက်ချင်း

mgyoe.com

mgyoe.com

မပြောသေး။ ခေါင်းငုံ့သွားသည်။ ထို့နောက် လေသံ ခပ်တိုးတိုးဖြင့် ကိုမြတ်ထွန်းကို မကြည့်ဘဲ ပြောသည်။

"မိမှာ… မိမှာ ကလေးရှိနေပြီ ထင်တယ်"

"ဟင်… ဟုတ်လား"

ကိုမြတ်ထွန်းသည် ဆတ်ခနဲ ဖြစ်သွားသည်။ ခုတင်ပေါ်က ဆင်းသည်။ ပြီးတော့ အခန်းထဲမှာ ခေါက်တုံ့ခေါက်ပြန် လျှောက်နေ၏။ စီးကရက်ကို ပြာခွက်ထဲမှာ ထိုးချေသည်။

"အဲဒါ ကိုမြတ်ထွန်း ဝမ်းမသာဘူးလားဟင်"

ဟု ထပ်မေးတော့မှ မခင်မိဘေးနားမှာ ဝင်ထိုင်ပြီး-

"ကိုယ် စိတ်တွေ သိပ်လှုပ်ရှားနေလို့ပါ၊ ဟုတ်တယ်၊ သိပ်ထူးဆန်းတာပဲနော်၊ ကိုယ် ကလေးအဖေ ဖြစ်တော့မယ်"

မခင်မိက ရှက်ပြီး ခေါင်းငုံ့သွားပြန်သည်။ ကိုမြတ်ထွန်းက မခင်မိလက်ကို ဆုပ်ကိုင်လိုက်သည်။ မခင်မိက ကိုမြတ်ထွန်း ပခုံးပေါ် ခေါင်းမှီထားရင်က-

"ကိုမြတ်ထွန်း"

ဟု ခေါ်သည်။ ကိုမြတ်ထွန်းက "ဟင်"ဟု ထူးသည်။

"ဘာလေး လိုချင်လဲဟင်"

"လူကလေး လိုချင်တာပေါ့"

"အို… ကိုမြတ်ထွန်းကလည်း ယောကျ်ားလေး လိုချင်လား၊ မိန်းကလေး လိုချင်လားလို့ မေးတာ"

"သြော်…မိရယ်၊ ဘာလေး မွေးမယ်ဆိုတာ သိနိုင်တာမှ မဟုတ်ဘဲ၊ ကိုယ်ကတော့ ဘာလေး လိုချင်တယ်လို့ပြောတာ တရားမျှတမှု မရှိဘူးလို့ ထင်တာပဲ"

"ဘယ်လိုရယ်၊ တရားမမျှတဘူး ဟုတ်လား"

"အင်းလေ၊ ကလေးတစ်ယောက်ယောက်အနေနဲ့ ယောကျ်ားလေးပဲဖြစ်ဖြစ်၊ မိန်းကလေးပဲဖြစ်ဖြစ် သူဖြစ်ချင်တာ ဖြစ်လာခွင့် ရှိတာပဲ၊ ဒါကို မိဘတွေက ဘာလေးဖြစ်စေချင်တယ်လို့ ပြောတာဟာ လူတစ်ယောက်ရဲ့ အခွင့်အရေးကို မမွေးခင်ကတည်းက ချုပ်ချယ်ကန့်သတ်တာနဲ့ မတူဘူးလား"

မခင်မိက ပြုံးမိသည်။

mgyoe.com

mgyoe.com

"သြော်...ကိုမြတ်ထွန်းရယ်၊ သူ့မလည်း နေရာတကာတိုင်း ဂျာနယ်ဆောင်းပါးရေးဖို့ တွေးသလို တွေးနေတာကိုး၊ ဒါမျိုးကတော့ လူတိုင်းပြောကြတာပါပဲ၊ မွေးလာတော့လည်း ဘာလေးပဲဖြစ်ဖြစ် ချစ်ကြတာချည်းပေါ့၊ မိကတော့ မိန်းကလေးပဲ လိုချင်တယ်၊ သမီး မိန်းကလေးဆိုရင် အဖေတွေက ပိုချစ်တတ်တယ်တဲ့၊ ဒါမှ သူလည်း ခြေငြိမ်မှာ"

"အမယ် ကိုယ်က အခု ခြေမငြိမ်လို့လား"

"တခြားကိစ္စတော့ ငြိမ်ပါတယ်၊ ဂျာနယ်ကိစ္စ ဆိုရင်တော့ အားလုံးကို မေ့ထားတော့တာပဲ"

"ဒါကတော့ အလုပ်ကိုး"

"ဒါကြောင့်လည်း ပြောကြတာ သတင်းစာသမား၊ ဂျာနယ်သမားတွေဟာ သတင်းတစ်ပုဒ်ကို ကိုယ့်မိန်းမထက်တောင် ပိုချစ်ကြသတဲ့"

"တကယ်က ကိုယ့်မိန်းမထက် ဆိုတာတောင် နည်းသေးတယ်၊ ကိုယ့်ကိုယ်ကိုယ်ထက် ပိုချစ်တယ်ဆိုမှ မှန်မယ်"

"ယုံပါတယ်၊ ယုံပါတယ်"

"ကိုယ်ကတော့ ဂျာနယ်လုပ်ငန်းကို ကိုယ့်အသက်ထက် ပိုချစ်တယ်လို့ ပြောရလိမ့်မယ်၊ ကိုယ်က မိန်းမကို အသက်လောက် ချစ်တာကိုး"

"တော်စမ်းပါ"

"တကယ်ပြောတာပါ၊ ဟော စကားကောင်းနေတာနဲ့ တစ်ခုတောင် မေ့နေတယ်"

"ဘာလဲ"

"အိပ်ခါနီးမှာ ကိုယ့်ရင်သွေးလေးကို မွေးမွေးပေးဖို့လေ"

ဆိုပြီး မခင်မိ၏ ဗိုက်ကလေးကို ငုံ့နမ်းမည်ပြုသည်။ မခင်မိက 'အို' ဟု ရေရွတ်ပြီး ကိုမြတ်ထွန်း နဖူးကို ခပ်ဖွဖွ တွန်းလိုက်သည်။

mgyoe.com

mgyoe.com SAMPLE BOOK

ကလေးရှိပြီဟု သိရသည့် နောက်ပိုင်းတွင် အိမ်ကို ကိုမြတ်ထွန်း စောစော ပြန်လာတတ်သည်။ မခင်မိကိုလည်း အရင်ကထက် ပိုပြီး ဂရုစိုက်လာသည်။

မခင်မိ အလုပ်တစ်ခုခု လုပ်နေတာတွေ့လျှင်-

"ဟော… မိကလည်း ခက်တာပဲ၊ နားနားနေနေ နေပါလို့ ပြောထားရက်နဲ့၊ ဖယ် ဖယ် ကိုယ်လုပ်လိုက်မယ်"

ဟု ပြောတတ်သည်။

"အမြဲတမ်း ငြိမ်နေတော့လည်း ထိုင်းမှိုင်းတတ်တယ်၊ နည်းနည်း ပါးပါး လှုပ်ရှားပေးမှ သွေးလေ အလျှောက်ကောင်းပြီး သွက်သွက်လက်လက် ရှိမှာ"

ကိုမြတ်ထွန်းက မခင်မိကို ထမင်းဟင်း မချက်စေချင်တော့ချေ။ အရင်လို ထမင်းချိုင့် မှာစားမည်ဟု ဆိုသည်။ မခင်မိက-

"ထမင်းဟင်းချက်တာ ဒီလောက်လည်း မပင်ပန်းပါဘူး၊ ပြီးတော့ ဒီလို အချိန်ဆို ခံတွင်းပျက်တတ်တယ်၊ ဆိုင်ထမင်းဟင်းဆို စားနိုင်မှာ မဟုတ်ဘူး၊ ကိုယ့်ဘာသာ ကိုယ်ဆိုတော့ ကိုယ်စားချင်တာလေး ချက်ပြုတ် စားနိုင်တာပေါ့"

ဟု ပြောရသည်။

ကိုမြတ်ထွန်းက အလုပ်က ပြန်လာလျှင် ဆီချက်ခေါက်ဆွဲ၊ ကီးမားပလာတာ၊ ကြက်သားကင် စသည်တို့ကို ဝယ်လာပေးတတ်သည်။

သွားခါနီးလျှင်လည်း-

mgyoe.com

"မိ. ဘာစားချင်လဲ၊ ဘာဝယ်ခဲ့ရမလဲ"

ဟု အမြဲ မေးသည်။

ကိုယ်ဝန်ဆောင်ရသည့် အချိန်တွင် ချင်ခြင်းတပ်လေ့ ရှိသည် ကြားဖူးသည်။ တချို့ စားစရာ တစ်မျိုးမျိုးကို စွဲစွဲလမ်းလမ်း တောင့်တနေတတ်သည်။ တချို့ကျတော့လည်း အရင်က မိမိ လုံးဝ မကြိုက်မနှစ်သက်သော အစားအစာကိုမှ စားချင်သည့်စိတ် ပေါ်ချင်ပေါ်နေတတ်ပြန်သည်။ တချို့မှာ ထူးထူးဆန်းဆန်းတွေ ဖြစ်တတ်သည်။ ကိုယ်ဝန်ရှိစဉ် တစ်လျှောက်လုံး သားရေကွင်းတွေကို ဝါးချင်သည့်ဆန္ဒမျိုး ဖြစ်နေသည့် လူမျိုး တွေ့ဖူးသည်။

မခင်မိကျတော့ ကောက်လှိုင်းတီမုန့် စားချင်သည့်အာသာ ဖြစ်ပေါ်နေသည်။ ရန်ကုန်မြို့မှာ ကောက်လှိုင်းတီမုန့်ရဖို့ သိပ်မလွယ်လှချေ။ သို့ရာတွင် ကိုမြတ်ထွန်းက မရရအောင် ရှာပေးသည်။ အင်းစိန်ဈေးထဲမှာ ရသည်ဟု ကြားသဖြင့် တကူးတက သွားဝယ်ပြီး ကျွေးသည်။

ညနေစောင်းလျှင် လင်မယားနှစ်ယောက် လမ်းလျှောက်ထွက်ကြသည်။ မခင်မိသည် သမီးကို ကိုယ်ဝန်ရှိနေသောအချိန်မှာ ကိုမြတ်ထွန်းကို ပို၍ တွယ်တာမိသည်။ ဟိုအရင်က ကိုမြတ်ထွန်းသည် နေ့တိုင်းလိုလို အိမ်ပြန်နောက်ကျလေ့ရှိသည်။ အစပိုင်းတွင်သာ တစ်ယောက်တည်း မနေတတ်သလို ဖြစ်နေပြီး ကြာတော့ ရိုးသွားခဲ့သည်။

ခုကျတော့ ကိုမြတ်ထွန်းက စောစော ပြန်လာတတ်သည့်တိုင် တစ်ရက်တလေ နည်းနည်းနောက်ကျလျှင် မနေတတ် မထိုင်တတ်ဖြစ်ပြီး သတိရနေတတ်သည်။ ပြီးတော့ ကိုမြတ်ထွန်းအပေါ် ပိုပြီး အားကိုးချင်စိတ် ဖြစ်ပေါ်နေသည်။

ခုလို ကိုမြတ်ထွန်းနှင့် လက်တွဲလျှောက်ရသည်ကိုလည်း အလွန်ကျေနပ်ပြီး သာယာကြည်နူးနေမိသည်။ ချစ်သူဘဝတုန်းက တွဲလျှောက်ရတာမျိုးနှင့် မတူချေ။

ကိုယ်ဝန်ဆောင် မိခင်တစ်ယောက်အနေဖြင့် ခင်ပွန်းသည်ကို ဘေးမှာထားပြီး သွားရတာ အလွန်ဂုဏ်ယူစရာ ကောင်းသည်ဟု ထင်မိလေသည်။

ထိုအကြောင်းကို ကိုမြတ်ထွန်းကို ပြောပြသောအခါ -

"အင်း... ဟုတ်လိမ့်မယ်၊ သမီးရည်းစားဘဝမှာ ယောကျ်ားတွေက ရည်းစားနဲ့ တွဲလျှောက်ရတာကို ဂုဏ်ယူတတ်သလိုမျိုး ဖြစ်မှာပဲ"

mgyoe.com

mgyoe.com

"အဲဒီ အချိန်မျိုးမှာ မိန်းကလေးတွေက ရှက်နေတတ်ကြတယ်လေ၊ ခုကျတော့ကော၊ ယောကျ်ားတွေက ဗိုက်ကြီးသည်မိန်းမနဲ့ တွဲလျှောက်ရတာ ရှက်မှာပေါ့နော်"

"ဘာလို့ ရှက်ရမှာလဲ၊ ကိုယ့်မျက်နှာကို ကြည့်ပါလား၊ ရှက်တဲ့ မျက်နှာလားလို့၊ မရှက်တဲ့အပြင် ဆောင့်ကြွားကြွား၊ မြောက်ကြွကြွတောင် ဖြစ်နေသေးတယ်၊ ငါ လူဖြစ်ပြီ ဆိုပြီးတော့လေ"

"သွား..."

mgyoe.com

mgyoe.com SAMPLE BOOK

ဗိုက်နာလေသည်။ အစပိုင်းတော့ သိပ်မသိသာလှ။ ရိုးရိုး ဗိုက်နာသလို ဝမ်းထဲက ရစ်ပြီး နာတာမျိုးလောက်သာ။ နောက်တော့ တစ်ချက် တစ်ချက် စူးခနဲ စူးခနဲ နာလာသည်။ တဖြည်းဖြည်း သိသာလာသည်။ ရိုးရိုး ဗိုက်နာတာနှင့် မတူတော့။

ဒီနေ့မှ ကိုမြတ်ထွန်းက အိမ်ပြန် နောက်ကျနေသည်။ မွေးရက်စေ့ဖို့ တစ်ပတ်လောက် လိုသေးသဖြင့် မနက်က ဂျာနယ်တိုက်သို့ ထွက်သွားသည်။ ခါတိုင်းရက် ပြန်လာနေကျအချိန်ကို လွန်လာသည်။

ဗိုက်က ပိုနာလာသည်။ အိမ်ရှင်လင်မယားကို အကူညီတောင်း ရသည်။ သူတို့က အတွေ့အကြုံ ရှိပြီးသူတွေမို့ မွေးခါနီးပြီဟု သိကြသည်။ သူတို့ကပင် ကားငှားပြီး ဆေးရုံလိုက်ပို့သည်။

မွေးခန်းထဲရောက်တော့ မခံမရပ်နိုင်လောက်အောင် နာနေပြီ။ ဝေဒနာကို အတော်ကြာအောင် အလူးအလဲ ခံစားရပြီးမှ မွေးသည်။

သမီးလေး။ ကြာသပတေးနေ့။ ညကိုးနာရီ မိနစ်ငါးဆယ်။ ခုနစ် ပေါင် လေးအောင်စ။

မိန်းမတို့သည် မွေးဖွားခါနီး ဝေဒနာခံစားနေရချိန်တွင် ခင်ပွန်းသည်ကို ဘေးမှာရှိစေချင်သည်။ ထိုအချိန်မှာ အားအငယ်ရဆုံးအချိန်လည်း ဖြစ်သည်။ ယောကျ်ားဖြစ်သူ၏ အားပေးစကား တစ်ခွန်းသည် ကြီးစွာသော အင်အား။

mgyoe.com

mgyoe.com SAMPLE BOOK

ဒီလို အချိန်မျိုးမှာ ကိုမြတ်ထွန်းက အနားမှာ မရှိ။ သမီးကို မွေးပြီး သွားတော့မှ ဆရာမတစ်ယောက် လာပြောသည်။

"ညီမရဲ့ အမျိုးသား အောက်မှာ စောင့်နေတယ်၊ ဘာလိုသေးလဲလို့ မေးခိုင်းတယ်၊ ကော်ဖီသောက်မလား၊ မှာခိုင်းလိုက်မယ်"

သူ ခေါင်းခါပြလိုက်သည်။

"သူကတော့ တော်တော် ပျော်နေမှာပဲနော်"

ဟု ဆရာမက ထွက်သွားခါနီး ပြောသွားသည်။

နာရ၊ ကျင်ရ၊ ညည်းရ၊ ညူရ၊ ရုန်းရ၊ ကန်ရသဖြင့် မောပန်းနွမ်းနယ်နေသော်လည်း ရုတ်တရက် အိပ်မပျော်သေးချေ။ သန်းခေါင်ကျော်တော့မှ တစ်ချက် မှေးခနဲ ဖြစ်သွားခါနီးတွင် ဂျူတီကုတ်ဝတ်ထားသော ဆရာဝန်တစ်ယောက် ခုတင်ဘေးမှာ လာရပ်သဖြင့် ကြည့်လိုက်ရာ ရုတ်တရက် အံ့သြပြီး–

"ကိုမြတ်ထွန်း"

ကိုမြတ်ထွန်းက နှုတ်ခမ်းကို လက်ညှိုးဖြင့် ကပ်၍ 'ရှူး' ဟု လုပ်လိုက်ပြီးမှ–

"မနက်အထိ မစောင့်နိုင်တော့လို့ အကြံအဖန်လုပ်ပြီး တက်လာခဲ့တာ၊ မိ နေကောင်းရဲ့လား"

မခင်မိက ခေါင်းညိတ်ပြသည်။

"ဆောရီးပဲ မိရယ်၊ ကိုယ် အိမ်ပြန် နည်းနည်း နောက်ကျသွားတယ်၊ အိမ်ရောက်ရောက်ချင်း သိလို့ ပြေးလာတာပဲ၊ ဒီရောက်တော့ မိက မွေးခန်းထဲ ရောက်နေပြီ၊ မိတော့ သိပ်အားငယ်နေမှာပဲနော်"

"ဒီနေ့ အလုပ် သိပ်များနေလို့လားဟင်"

ဟူ၍သာ သူ မေးမိသည်။

"အလုပ်ကတော့ ခါတိုင်းလိုပါပဲ။ ကိုယ်လည်း စောစောပြန်မယ်လို့ လုပ်နေတုန်း ကာလာရိုက်တဲ့ စက်သမားလေးလက်ကို စက်ညပ်သွားလို့၊ တိုက်မှာလည်း ချက်ချက်ချာချာလူ မရှိတာနဲ့ ကိုယ်ပဲ ဆေးရုံ လိုက်ပို့ရတယ်၊ ပြီးတော့ တစ်ခါ သူ့အိမ်ကို သွားအကြောင်းကြားပေးရတာနဲ့"

စောစောက ဝမ်းနည်းအားငယ်ရသောစိတ်များ ပြေပျောက်သွားသည်။ ကိုမြတ်ထွန်းက မခင်မိ၏ လက်ဖဝါးကို ဆုပ်ကိုင်လိုက်ပြီး–

mgyoe.com

"သမီးလေးကော၊ ကျန်းကျန်းမာမာပဲ မဟုတ်လား"

"နေကောင်းပါတယ်"

"ကိုယ် ကြည့်ချင်လိုက်တာ"

"ကလေးခန်းထဲမှာ ထားတယ်၊ ခု ကြည့်လို့ရမှာ မဟုတ်ဘူး၊ နက်ဖြန်မှ ကြည့်တော့နော်"

မခင်မိသည် ကိုမြတ်ထွန်း ဝတ်လာသော ဂျူတီကုတ်ကို ကြည့်လိုက်သည်။

"ဒါက ဘယ်က ရလို့ ဝတ်လာတာလဲ"

"ဒီဆေးရုံက မေထရွှန်ကြီးက စည်းကမ်းသိပ်ကြီးတယ်လို့ ကြားတယ်လေ၊ မတော်တဆ ကိုယ့်ကိုတွေ့သွားရင် ပြောနေကြမှာစိုးလို့ ဆရာဝန်ယောင်ဆောင်လာတာ၊ အပေါက်ဝက အလုပ်သမားရဲ့ မိန်းမက အဝတ်လျှော်တယ်လေ၊ သူ့မိန်းမဆီ လျှော်ဖို့ ပေးထားတဲ့အထဲက သွားယူ လာပေးလို့ ဝတ်လာတာပါ၊ ဒါနဲ့ မိ မဆာဘူးလား"

"ခုတော့ နည်းနည်း ဆာလာသလိုပဲ"

"ဒါဆို ကော်ဖီနဲ့ မုန့်နဲ့ ပို့ခိုင်းလိုက်မယ်၊ ကဲ…ကိုယ်လည်း သွားမှ၊ တော်ကြာ လူမိနေဦးမယ်၊ ကိုယ် အောက်မှာ တစ်ညလုံးရှိနေမယ် သိလား၊ ဘာမှ အားမငယ်နဲ့"

ကိုမြတ်ထွန်း လှည့်ထွက်မည် အပြုတွင် မခင်မိက–

"ကိုမြတ်ထွန်း"

ဟု ခေါ်သည်။ ကိုမြတ်ထွန်း၏ လက်ကို ဖျစ်ညှစ် ဆုပ်ကိုင်လိုက်ပြီး–

"သမီးက ကိုမြတ်ထွန်းနဲ့ တူတယ် သိလား"

ဟု ပြောသည်။

mgyoe.com